# Voice of Burma

*Published by Voice of Burma Information Group Issue No. 730 OCTOBER 4, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

## ဒေါ်အောင်ဆန်းစုကြည်မှ ဗိုလ်ချုပ်သန်းရွှေသို့ ပေးစာပါ အကြောင်းအရာများ

**DVB၊ စက်တင်ဘာ ၂၈။** ။ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာရဲ့စီးပွားရေးပိတ်ဆို့ထားတာတွေ ရုပ်သိမ်း ပယ်ဖျက်ရေးကိစ္စနဲ့ပတ်သက်ပြီး နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို စာရေး ပေးပို့လိုက်တဲ့အကြောင်းကို အဖွဲ့ချုပ်က ဒီနေ့ တရားဝင် ထုတ်ပြန်လိုက်ပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဒေါ်အောင်ဆန်းစုကြည် ရေးပို့လိုက်တဲ့စာ အပြည့်အစုံကို အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ဖတ်ကြားပေးပါတယ်။

(“သို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနေပြည်တော်၊ ရက်စွဲ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၅ ရက်၊ အကြောင်းအရာ။ မြန်မာနိုင်ငံကို အရေးယူပိတ်ဆို့ထားမှုများ ရုတ်သိမ်းပယ်ဖျက်ရေးကိစ္စ၊ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အကြောင်းအရာပါ ကိစ္စအတွက် ကျမအနေဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ရေးကို ရည်ရွယ်ပြီး အောက်ပါအကြောင်းအရာများကို ၁၂ ရက်၊ ၉ လ၊ ၂၀၀၉ ခုနှစ်တွင် သတင်းတပ်ဖွဲ့မှတဆင့် အထက်အာဏာပိုင်များထံ တင်ပြအသိပေးနိုင်ရန်အတွက် နှုတ်ဖြင့် ပြောကြားခဲ့ပြီးဖြစ်ပါတယ်။”

“မြန်မာနိုင်ငံကို အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပယ်ဖျက်ရေးအတွက် ကျမအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်ပူးပေါင်းဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံအပေါ် အရေးယူ ပိတ်ဆို့မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက်

က။ မြန်မာနိုင်ငံကို အရေးယူ ပိတ်ဆို့ထားမှုများအားလုံးကို သိရှိနားလည်စေရေး၊

ခ။ မြန်မာနိုင်ငံကို အရေးယူပိတ်ဆို့ထားမှုကြောင့် နစ်နာရမှုအတိုင်းအတာကို သိရှိနားလည်စေရန်၊

ဂ။ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ဆောင်ရွက်လျှက်ရှိသည့် နိုင်ငံအများစု၏သဘောထားကို သိရှိနားလည်စေရေးတို့ကို ဦးစွာဆောင်ရွက်ဖို့လိုအပ်မည် ဖြစ်သည်ဟု ယုံကြည်ပါသည်။

ဃ။ အပိုဒ် ဂ ပါ ကိစ္စရပ်များဆောင်ရွက်နိုင်ရေးအတွက်

၁။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ သံမှူးကြီး

၂။ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ် သံအမတ်ကြီး၊

၃။ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျားနိုင်ငံသံအမတ်ကြီးတို့နဲ့

၄။ တွေ့ဆုံဆွေးနွေးမှု ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်

၅။ ကျမအနေဖြင့် အမျိုးသားဒီမိုကရေစီ၏ သဘောထားကို ညှိနှိုင်း ရယူနိုင်ရေးကို ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့် အောင်ဆန်းစုကြည် ” )

ဒီစာကို ဒီလ ၂၅ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် လက်မှတ်နဲ့အတူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ ပေးပို့လိုက်တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်ရဲ့လုပ်ဆောင်မှုတွေကြောင့် နိုင်ငံတကာက စီးပွားရေးပိတ်ဆို့မှုတွေ လုပ်ထားတာဖြစ်တယ်လို့ နအဖက အမြဲစွပ်စွဲပြောဆိုလေ့ရှိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ဖြေရှင်းချက်ပေးထားပါတယ်။

“ပိတ်ဆို့တယ်ဆိုတာ သက်ဆိုင်ရာ နိုင်ငံတွေက သူတို့ရဲ့ နိုင်ငံခြားမူဝါဒတွေ ပေါ်လစီကယ် ဗယ်လ်လူးတွေ၊ ဒီမိုကရေစီ လုပ်အားပေးထောက်ခံမယ်ဆိုတဲ့မူဝါဒတွေ၊ သူတို့ပြည်တွင်းမှာရှိတဲ့ အင်စတီကျူးရှင်းတွေရဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ထားတာတွေဖြစ်တယ်။ အဲ့ဒါကို ကျနော်တို့က လုပ်ပါလို့ သွားပြောလို့ မရသလို၊ မလုပ်ပါနဲ့လို့လည်း သွားပြောလို့မရဘူး။ ဒါကြောင့်မို့ ဒေါ်အောင်ဆန်းစုကြည်က ဒီကိစ္စတွေကို တိုင်းပြည်အတွက် တကယ်နစ်နာနေတာမှန်ရင် ဆန်းစစ်ပြီး ညှိနှိုင်းဆောင်ရွက်ချင်ပါတယ်လို့ ကမ်းလှမ်းတာဖြစ်ပါတယ်။”

တိုင်းပြည်အတွက် အလှည့်အပြောင်း တခုဖြစ်ဖို့ အရေးတကြီး လိုအပ်နေချိန်ဖြစ်တဲ့အတွက် ဗိုလ်ချုပ်မှူးကြီးသန့်ရွှေ အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကြံပြုစာနဲ့ပတ်သက်ပြီး လိုက်လျော ဆောင်ရွက်ပေးလိမ့်မယ်လို့ မျှော်လင့်ရကြောင်း ဦးအုန်းကြိုင်က ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိ နိုင်ငံရေးအခြေနေနဲ့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်တွေ ညှိနှိုင်းတိုင်ပင်ဖို့အတွက် အဖွဲ့ချုပ်ဗဟို အလုပ်အမှုဆောင်အဖွဲ့ကို နေအိမ်အကျယ်ချုပ်ချထားခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့နဲ့ တွေ့ခွင့်ပြုဖို့ တောင်းဆိုထားတာကို အခုချိန်ထိအကြောင်းပြန်ကြားချက်မရသေးဘူးလို့ သိရပါတယ်။

**ဝန်ကြီးချုပ်တောင်းဆိုချက်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ရဲ့ သဘောထား** — စာမျက်နှာ ၃

**ဒေါ် စုက သံတမန်တွေနဲ့ တွေ့ခွင့်ပြုရန် ဗိုလ်သန်းရွှေထံ စာရေးသား တောင်းဆို** — စာမျက်နှာ ၅

**မြန်မာ့နိုင်ငံရေးအတွက် အာဆီယံ နိုင်ငံများက တွန်းအားပေးရန် ဘန်ကီမွန်း ပြော** — စာမျက်နှာ ၈

**ဒေါ် စုလွတ်မြောက်ရေး အာဆီယံအနေနဲ့ ဖိအားပေးသင့်ကြောင်း ဦးဝင်းတင်ပြောဆို** — စာမျက်နှာ ၁၆

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၂၁ နှစ်မြောက်အထိမ်းအမှတ်ကြေညာချက်** — စာမျက်နှာ ၁၈

VOB အာဘော်

# အပြောင်းအလဲနှင့်အခွင့်အလမ်း

မြန်မာစစ်အာဏာပိုင်များအပေါ်ထားရှိသော သဘောထားနှင့်ချဉ်းကပ်ပုံကို အမေရိကန်ပြည်ထောင်စုက ပြောင်းလဲခဲ့သည်။ ဤအတွက် မြန်မာစစ်အာဏာပိုင်များ အမေရိကန်နိုင်ငံသို့သွားရောက်ခွင့်ရခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဌာနအရာရှိများနှင့် နအဖဝန်ကြီးများအကြား တိုက်ရိုက်ဆွေးနွေးမှုများရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ်ထားရှိသော စီးပွားရေးပြစ်ဒဏ်ခတ်နည်းလမ်းသည် ၎င်းတို့အလိုရှိသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်ပန်းတိုင်သို့မရောက်ရှိသောကြောင့် အမေရိကန်တို့က ချဉ်းကပ်ပုံပြောင်းလဲခြင်းဖြစ်သည်ဟုဆိုသည်။ ထိုအတွက်ရလဒ်မှာ နအဖနှင့် အမေရိကန်တို့အကြား တိုက်ရိုက်ဆွေးနွေးမှုများစတင်ပေါ်ထွက်ခဲ့သည်။

အမေရိကန် ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကဲမ်ဘဲလ်က စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကိုမြင်တွေ့ရမှ ပြစ်ဒဏ်ခတ်အရေးယူမှုကို ရုပ်သိမ်းမည်ဟုဆိုသည်။ နအဖကလည်း ၎င်းတို့အပေါ်ချမှတ်ကျင့်သုံးနေသော စီးပွားရေးပြစ်ဒဏ်ခတ်အရေးယူမှုသည် လွန်စွာအထိနာသောကြောင့် ထိုပြစ်ဒဏ်ခတ်မှုကို ရုပ်သိမ်းပေးရန် တစာစာတောင်းဆိုနေသည်။ အမေရိကန်၏သဘောထားပြောင်းလဲလာခြင်းကြောင့် ဆက်ဆံရေးအခြေအနေအပြောင်းအလဲဖြစ်လာပြီး အခွင့်အလမ်းများပေါ်ထွန်းလာမည်ဖြစ်သည်။

ဆွေးနွေးမှုများပြုကြပြီဆိုလျှင် ရိုးသားမှု၊ ပွင့်လင်းမှုနှင့် အနာဂတ်အကျိုး၊ အများပြည်သူအကျိုးစီးပွားကို စစ်မှန်စွာအကောင်အထည်ဖော်ရန် ရည်ရွယ်လျှင် လူအများ၏ ယုံကြည်ကိုးစားမှုနှင့် ထောက်ခံအားပေးမှုများရမည်ဖြစ်သည်။ ဤသည်က မိမိတို့၏အကျိုးစီးပွား၊ ဂုဏ်သိက္ခာတိုးတက်ရေးအတွက် အခွင့်အလမ်းများပေါ်ထွက်လာ စေမည်ဖြစ်သည်။

မြန်မာနိုင်ငံရေးအခြေအနေအပြောင်းအလဲဖြစ်လာရေးအတွက် အမေရိကန်၏သဘောထားနှင့်ချဉ်းကပ်ပုံကို ပြောင်းလဲကျင့်သုံးလိုက်ခြင်းသည် မြန်မာပြည်၏အနာဂတ်အခြေအနေအလားအလာကို ဆုံးဖြတ်သတ်မှတ်ပေးနိုင်သည့်အရာမဟုတ်သည်ကို သတိပြုရန်လိုအပ်သည်။ မြန်မာပြည်၏အနာဂတ်ကို အာမခံချက်ပေးနိုင်မည့် ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသားအားလုံးငြိမ်းချမ်းကာ တိုးတက်မှုများရစေမည့်အရာမှာ အဓိကနိုင်ငံရေးအင်အားစုများဖြစ်သည့် တိုင်းရင်းသားလူမျိုးစုများ၊ ဒီမိုကရေစီရေးအင်အားစုများနှင့် စစ်တပ်တို့အကြား အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှုပင်ဖြစ်သည်။ ဤသို့သောတွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်ရေးအတွက် လိုအပ်သောနိုင်ငံရေးအခင်းအကျင်း အဝန်းအဝိုင်းကို သက်ဆိုင်သော ဘက် ၃ ဘက်စလုံးက ကြိုးပမ်းရမည်ဖြစ်သည်။

ထို့ကြောင့် လက်တွေ့ကျသောချဉ်းကပ်မှုနှင့် အကောင်အထည်ဖော်မှုများကို အမြန်ဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ရန်ကုန်မြို့တွင်း မူးယစ်ဆေးရောင်းဝယ်မှု လုပ်ငန်းပျံ့နှံ့နေ

**NEJ၊အောက်တိုဘာ ၂။** ။ ရန်ကုန်မြို့အတွင်း မူးယစ်ဆေးဝါးရောင်း ဝယ်မှုလုပ်ငန်းသည် ဂိုဏ်းသဖွယ်ပျံ့နှံ့နေပြီး သာမန်ပြည်သူအများအပြားပါဝင်ပတ်သက်နေတဲ့လုပ်ငန်းတခုဖြစ်လာကြောင်း ကိုယ်တိုင်ပတ်သက်နေသူများထံမှ စုံစမ်းသိရှိရပါတယ်။

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း နေသူတဦးက သူ့ရဲ့နေအိမ်အနီး မူးယစ်ဆေးဝါးဖြန့်တဲ့ နေရာတခုနဲ့ပတ်သက်ပြီး အခုလိုအသေးစိတ်ပြန်လည်ပြောပြပါတယ်။ “ကျနော့အိမ်နားမှာ မူးယစ်ဆေးဝါးဖြန့်တဲ့နေရာတခုရှိတယ်။ ဒီကိစ္စသိချင်တာနဲ့ ကျနော်သေးစိတ်စောင့်ကြည့်ခဲ့တယ်။ မနက် ၈ နာရီလောက်မှာ လူစိမ်း ၃ ယောက် ကျနော်တို့လမ်းထိပ်ကိုရောက်လာတယ်။ သူတို့လမ်းဘေးမှာရပ်စောင့်နေတုန်း လူတယောက်ရောက်လာပြီး အထုတ်တထုတ်ပေးသွားတယ်။

နောက် အဲဒီလူက ဆူပါစလွန်းကားနဲ့ထွက်သွားတာတွေ့လိုက်တယ်။ ဝေးတော့ ကားနံပါတ်မမြင်ရဘူး။ ပစ္စည်းလက်ခံတဲ့နှစ်ယောက် ကျနော်တို့လမ်းထဲဝင်လာတယ်။ တယောက်လမ်းထိပ်မှာ အရိပ်အခြေအနေစောင့်ကြည့်ဘို့ ကျန်ခဲ့တယ်။ နှစ်ယောက်ထဲက တယောက်ဟာ လမ်းထိပ်မရောက်ခင် ဘန်ဒါပင်အောက်က အုတ်ခုံအပိုင်းမှာ သစ်ပင်ကိုကွယ် လမ်းကိုကျောပေးပြီးထိုင်လိုက်တယ်။ ကျန်တဲ့တယောက်ကတော့ လမ်းအတွင်းကိုဆက်လျှောက်သွားပြီး မနီးမဝေးကနေ အခြေအနေကိုအကဲခတ်ပေးနေတာ တွေ့တယ်။

အုတ်ခုံမှာထိုင်တဲ့တယောက်ကတော့ သူ့မှာပါလာတဲ့စီးကရက်ဘူး ၁ ဘူးကို မလှမ်းမကမ်းမြေပြင်ပေါ်ကိုပစ်ချလိုက်တယ်။ အဲဒီအချိန်ကစပြီး တယောက်ပြီးတယောက်ပစ္စည်းလာယူတယ်၊ ငွေချေတဲ့သူကချေတယ်၊ ပြီးရင် သူက စီးကရက်ဘူးကို လှမ်းကောက်ပြီး အထဲကပစ္စည်းပေးတယ်။ ပေးပြီးရင်စီးကရက်ဘူးကို ပြန်ပစ်ချထားလိုက်တယ်။ အဲဒီမှာ လာဝယ်တဲ့လူတွေဟာ လူပေါင်းစုံဘဲ။ အမျိုးသား၊ အမျိုးသမီး၊ လူငယ်လေးတွေ အရွယ်စုံပါတယ်။ ၉ နာရီကျော်ကျော်မှာ အယောက် ၃၀–၄၀ လောက်ကိုရောင်းပြီးပြီ။ ရောင်းပြီးတဲ့နောက် အဲဒီ ၃ ယောက်တယောက်တလမ်းစီပြန်ထွက်သွားကြတယ်။ ဘယ်ကိုလဲတော့မသိဘူး။” လို့ပြောပါတယ်။

အဆိုပါ မူးယစ်ဆေးဖြန့်ဖြူးသူထံမှ သွားဝယ်ခဲ့သူ ဆိုက်ကားသမားတဦးက သူတို့သွားဝယ်သည်မှာ ပန်းရောင် အင်ဖက်တမင်းဆေးပြားများဖြစ်ကာ လာရောက်ဖြန့်ဖြူးသူက တလုံးကို ကျပ် ၁,၅၀၀ ယူပြီး သူတို့ကို တလုံးကို ကျပ် ၂,၅၀၀ ကနေ ၃,၀၀၀ စသဖြင့် အစဉ်ပြေသလိုရောင်းချကြောင်း ပြောပါတယ်။ အခုသွားဝယ်သူအားလုံးမှာ ပြန်လည်ဖြန့်ဖြူးရန်ဖြစ်ပြီး ဆေးပြားများကို မည်သူမျှလက်ဝယ်မထားဘဲ အနီးရှိမြေပြင်တနေရာရာမှာ အမှိုက်သဖွယ်မသိမသာချထားပြီး ဝယ်သူလာမှသွားယူပေးတဲ့အတွက် ရဲလာဖမ်းမှာကိုမပူရကြောင်း၊ ရောင်းဝယ်နေသည်ကို ရဲတွေ့ပါက ငွေပေးရကြောင်း ဆိုက်ကားဆရာက ပြောပါတယ်။

နအဖ စစ်အစိုးရက အခုရက်ပိုင်းအတွင်း နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်နေသော်လည်း ရန်ကုန်မြို့တွင်မူ အခုလိုမူးယစ်ဆေးဝါး ဖြန့်ဖြူးရေးလုပ်ငန်းဟာ ရပ်ကွက်များရှိသာမန်ပြည်သူတွေကြားအထိ ပျံ့နှံ့နေကြောင်း စုံစမ်းသိရှိရပါတယ်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း လူငယ်များအကြားမှာ ရိဝေယစ်မူးစေသည့် ချောင်းဆိုးပျောက်ဆေးအရည်များနှင့် စိတ်ကြွဆေးကဲ့သို့ မူးယစ်စေရန်ဖော်စပ်ထားတဲ့ နောက်ဆုံးပေါ် ဆေးအမှုန့်များကို သုံးစွဲသူများလည်း အများအပြားရှိနေပြီး ဗန်နဒရိုင်း ခေါ် ချောင်းဆိုးပျောက်ဆေးရည်ကို ဆေးဆိုင်တွေမှာ ဝယ်ယူရလွယ်တဲ့အတွက် ကျောင်းသားလူငယ်များအကြား ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေကြောင်း သိရပါတယ်။

ရန်ကုန်တွင် အခုနောက်ပိုင်း စီးပွားရေးကျပ်တည်းပြီး အလုပ်အကိုင်ရှားပါးလာတဲ့အတွက် လမ်းဘေးဈေးသည်တွေ များပြားလာနေပြီး လတ်တလောမှာ နယ်မြေခံရဲများက ဖမ်းဆီးမည်ဆိုခြင်းကြောင့် လမ်းဘေးတွင် ဗီစီဒီ၊ ဒီဗွီဒီ၊ ဓာတ်ပြားရောင်းသူ လက်လုပ်လက်စားအများအပြား ဆိုင်များပိတ်ကာ အလုပ်အကိုင်မရှိဖြစ်နေကြပါတယ်။

# ဝန်ကြီးချုပ်တောင်းဆိုချက်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့သဘောထား

**RFA၊ စက်တင်ဘာ ၂၉။** ။ စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကတော့ ကုလသမဂ္ဂညီလာခံမှာ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားတာတွေ ရုပ်သိမ်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။

အမေရိကန်အစိုးရကတော့ မြန်မာနိုင်ငံမှာအခြေအနေတွေ တိုးတက်ကောင်းမွန်လာခြင်းမရှိရင် Sanction ပိတ်ဆို့အရေးယူတာတွေကို လျှော့ပေါ့မပေးနိုင်ဘူးလို့ ဆက်လက်ပြောဆိုနေပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဒီလိုအခြေအနေတွေအပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာသိရှိနိုင်ဖို့ ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ

**RFA** ။ ။ ဟုတ်ကဲ့၊ မနေ့ကကုလသမဂ္ဂညီလာခံမှာ မြန်မာစစ်အစိုးရဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်ပြောသွားတာရှိပါတယ်။ မြန်မာနိုင်ငံအပေါ်မှာ အနောက်နိုင်ငံကြီးတွေက ပိတ်ဆို့အရေးယူထားတယ်၊ အဲဒီတော့ ဒီပိတ်ဆို့အရေးယူမှုကို ဖယ်ရှားပေးပါ၊ ရုပ်သိမ်းပေးဖို့ပြောဆိုသွားတာရှိပါတယ်။ ဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ရော လက်ရှိမြန်မာနိုင်ငံအပေါ်မှာ နိုင်ငံတကာကပိတ်ဆို့အရေးယူထားတာနဲ့ပတ်သက်ပြီးတော့ ဘယ်လိုအမြင်သဘောထားမျိုးရှိပါသလဲခင်ဗျ။

"ကျနော်တို့ မြန်မာနိုင်ငံအပေါ်မှာ အရေးယူပိတ်ဆို့ထားတဲ့ အရေးယူမှုတွေကိုရုပ်သိမ်းပေးဖို့အရေးကို ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ဖို့ အဆိုပြုခဲ့တယ်။ အဲဒီအဆိုပြုချက်ကို ဆက်လက်အကောင်အထည်ဖော်ဖို့နဲ့ အခုအကြံပြုချက်တွေနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကိုစာတင်ပြီးတော့ မေတ္တာရပ်ခံထားတယ်။ အဲဒီမေတ္တာရပ်ခံစာကို ကြေညာချက်အဖြစ် ကျနော်တို့ထုတ်ထားပြီးပါပြီ။ Sanction နဲ့ပတ်သက်ပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရပ်တည်ချက်က ဒေါ်အောင်ဆန်းစုကြည်စာမှာပါတဲ့အတိုင်းပါဘဲ။

**RFA** ။ ။ နောက်တခုက Sanction ပိတ်ဆို့အရေးယူမှုတွေဟာတဲ့ မြန်မာနိုင်ငံမှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အတန်းအစားမရွေးထိခိုက်ပါတယ်လို့ ဗိုလ်ချုပ်မှူးကြီးသိန်းစိန်ကပြောဆိုသွားပါတယ်။ အဲဒီ Sanction ရဲ့ မြန်မာနိုင်ငံအပေါ်မှာ ကောင်းကျိုး ဆိုးကျိုးသက်ရောက်မှုအနေအထားနဲ့ပတ်သက်လို့ရော ဘယ်လိုပြောချင်ပါသလဲခင်ဗျ။

"Sanction ပတ်သက်ပြီးတော့ ကောင်းကျိုး ဆိုးကျိုး ဆိုတာ ကျနော်အမှန်တကယ် ဒီ Sanction တွေက ဘာတွေလဲ၊ Sanction ရဲ့နောက်ဆက်တွဲဖြစ်ရပ်တွေက ဘာတွေလဲ။ အဲဒါတွေက ကျနော်တို့သိဖို့လိုတယ်ဗျ။ အဲဒါကို ဝန်ကြီးချုပ်ကတော့ သူတို့ရှုဒေါင့်ကသူတို့ပြောနေတာကိုး၊ တကယ်တမ်းဘယ်လောက်ထိခိုက်သလဲ၊ တကယ်ဘဲထိခိုက်သလား၊ ထိခိုက်ရင်လည်း ထိခိုက်တဲ့အတိုင်းအတာဘယ်လောက်ရှိသလဲ၊ အဲဒါတွေသိရှိမှ ကျနော်တို့ Sanction ရုပ်သိမ်းရေးနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ဖို့ ပိုပြီးတော့အစဉ်ပြေမယ်၊ ဒါကြောင့် ကျနော်တို့က ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံကို စာရေးပြီး မေတ္တာရပ်ခံတဲ့စာပေးဖို့ရတာဖြစ်တယ်။ ဒီသဘောပါဘဲ။

**RFA** ။ ။ ဟုတ်ကဲ့ပါ၊ နောက်တခုကတော့ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီဖော်ဆောင်ဖို့ ပါတီစုံဒီမိုကရေစီစနစ်ကိုဖော်ဆောင်ဖို့မှာ ရွေးကောက်ပွဲဟာမရှိမဖြစ်လိုအပ်ပါတယ်တဲ့၊ နောက် မြန်မာပြည်ကဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကို မြန်မာပြည်တွင်းမှာရှိတဲ့ ပြည်သူတွေဘဲဆုံးဖြတ်မှာပါတဲ့၊ ပြည်ပကနေဆုံးဖြတ်ပေးလို့မရပါဘူးလို့ ဗိုလ်ချုပ်ကြီးသိန်းစိန်ကပြောဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ရော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့အမြင်သဘောထားဘယ်လိုရှိပါသလဲခင်ဗျာ။

"ကျနော်တို့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတွေတည်ဆောက်ဖို့က ပြည်တွင်းမှာဘဲတည်တယ်ဆိုတဲ့သဘော အခုပြောနေတာ၊ ကျနော်တို့သဘောတူပါတယ်။ သဘောတူတဲ့အပြင်ကို ကျနော်တို့ပြောချင်တာက ၁၉၉၀ ပြည့်နှစ်မှာ ပြည်သူလူထုက သူတို့ဘာလိုချင်သလဲ ဘယ်သူတွေကိုရွေးကောက်ခဲ့သလဲဆိုတဲ့အဖြေဟာရှိပြီးသား၊ ဒါပေမယ့် တကယ်လက်တွေ့မှာက ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တာဝန်ထမ်းဆောင်ခွင့်မရတာလေ။

ဒါကြောင့် ရွေးကောက်ပွဲနဲ့ပတ်သက်ရင် ရွေးကောက်ပွဲဟာတရားမျှတစွာဆောင်ရွက်လို့ပြီးသွားပြီဆိုတာနဲ့ အလုပ်ကမပြီးသေးပါဘူး၊ ရွေးကောက်ပွဲရလာဒ်နဲ့အညီ အကောင်အထည်ဖော်ဖို့အရေးကြီးပါတယ်။ နောက်ပြီးတော့ ၂၀၁၀ ရွေးကောက်ပွဲအတွက်တော့ လောလောဆယ်မှာ NLD ကသီးခြားဘာမှပြောစရာမရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ၂၀၁၀ ရွေးကောက်ပွဲဟာ ဘယ်တော့ကျင်းပမှာလဲ၊ ဘာဥပဒေတွေနဲ့ကျင်းပမှာလဲ၊ ဘယ်လောက်လွတ်လပ်တရားမျှတမှာလဲ၊ ဒီအချက်အလက်တွေကျနော်တို့မသိဘူး။ ဘယ်သူမှလဲမသိဘူး။ အဲဒီလိုမသိတဲ့အချိန်မှာ ၂၀၁၀ ရွေးကောက်ပွဲလို့ခေါင်းစဉ်တပ်ပြီးမေးရင် ကျနော်တို့ပြောစရာမရှိသေးပါဘူး။

**RFA** ။ ။ နောက်တခုက ဒီမြန်မာပြည်သူတွေကိုယ်တိုင် မြန်မာပြည်ရဲ့ကံကြမ္မာမြန်မာပြည်ဒီမိုကရေစီရေးကို ဆုံးဖြတ်မယ်၊ မြန်မာပြည်ရဲ့ကိစ္စကို ဆုံးဖြတ်မယ်ဆိုတော့ ဒီနေ့မြန်မာပြည်သူတွေရဲ့ဆုံးဖြတ်နိုင်ခွင့် လွတ်လပ်ခွင့်အနေအထားကိုရော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဘယ်လိုသုံးသပ်မိပါသလဲ။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အမြင်မှာတော့ ပြည်သူတွေလွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိမယ်လို့ မယုံကြည်ဘူး။ လက်ရှိအားဖြင့် အဲဒီလိုလွတ်လပ်မယ်လို့ယုံကြည်လောက်အောင် အထောက်အထားဘာမှမရှိဘူး။ ဆန့်ကျင်ဘက်ဘဲရှိတယ်။ အဲဒီတော့ နမူနာအားဖြင့်ပြောရင် တရားဝင်ပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ စည်းရုံးရေးလုပ်ငန်းတွေဟာ အနှောင့်အယှက်အမျိုးမျိုးပေးခံနေရတယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တပြည်လုံးအတိုင်းအတာနဲ့ ရုံးအားလုံးကိုချိတ်ပိတ်ထားတယ်။ ဒီလိုအခြေအနေမျိုးမှာ ရွေးကောက်ပွဲတရားမျှတမယ်လို့အဖွဲ့ချုပ်အနေနဲ့ ဘယ်လိုမှယူဆလို့မရသေးပါဘူးဗျာ။"

**RFA** ။ ။ ဟုတ်ကဲ့၊ နောက်တခုက မနေ့တုန်းက အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးကိုယ်တိုင်ထွက်ပြီးတော့ ပြောတာရှိပါတယ်။ မြန်မာပြည်ကိစ္စနဲ့ပတ်သက်လို့ အဲဒီအထဲမှာ မြန်မာနိုင်ငံမှာအစောပိုင်းက ဒိုင်ယာလော့ခ် တွေ့ဆုံဆွေးနွေးရေး၊ နောက်တခုက pressure ဖိအားပေးတာတွေလုပ်ခဲ့တယ်၊ ဒီအပေါ်မှာထူးခြားတဲ့ပြောင်းလဲမှုတွေမရှိတဲ့အတွက် သူတို့အနေနဲ့ engage ထိတွေ့ဆက်ဆံပြီးတော့ အပြုသဘောဆောင်တဲ့ထိတွေ့မှုလုပ်မယ်၊ ဒါဟာ အယူအဆအသစ်တွေထွက်ပေါ်လာနိုင်စရာရှိပါတယ်လို့ ပြောဆိုပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကရော ဒီမူဝါဒမျိုးအပေါ်မှာ ဘယ်လိုအမြင်ရှိပါသလဲ။

"ကျနော်တို့ထိတွေ့ဆက်ဆံမှုကို ကျနော်စောစောကပြောခဲ့ဘူးပါတယ်၊ ထိတွေ့ဆက်ဆံမှုကိုကျနော်တို့ကြိုဆိုတယ် ကျနော်တို့လည်းလက်ခံတယ်။ ဒါပေမယ်လို့ ဒီထိတွေ့ဆက်ဆံမှုက ပြည်ပကချည်းဘဲမဟုတ်ဘူး ပြည်တွင်းမှာလည်းရှိဖို့လိုအပ်တယ်။ ဒါမှသာပြည့်စုံမယ်လို့ ကျနော်တို့ယူဆပါတယ်။"

**RFA** ။ ။ မနေ့က အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးပြောဆိုတဲ့အထဲမှာ သူတို့အနေနဲ့မြန်မာပြည်သူတွေကိုပြောချင်ပါတယ်တဲ့၊ မြန်မာစစ်အစိုးရအပေါ်မှာ ပိတ်ဆို့အရေးယူထားမှု Sanction ကိုရုပ်သိမ်းပေးဖို့ စတင်ဆွေးနွေးပါတယ်တဲ့၊ ဒီလိုစတင်ဆွေးနွေးတာဟာ ရုပ်သိမ်းပေးမယ်ဆိုတဲ့သဘော မဟုတ်ပါဘူးတဲ့၊ ရုပ်သိမ်းပေးဖို့ဆိုရင် မြန်မာစစ်အစိုးရအနေနဲ့ အမေရိကန်အစိုးရအပါအဝင် နိုင်ငံတကာရဲ့စိုးရိမ်မှုတွေ၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ပတ်သက်လို့ အခြေအနေတွေတိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်မှုတွေအပေါ်မှာမူတည်ပါတယ်တဲ့၊ အဲဒီလိုမှတိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ခြင်းမရှိဘူး၊ သူတို့ရဲ့စိုးရိမ်မှုတွေလျှော့ပါးသွားအောင်မလုပ်ဘူးဆိုရင် နောက်ထပ်တောင် ပိတ်ဆို့အရေးယူတာတွေလုပ်နိုင်ပါတယ်တဲ့။ အဲဒီမူဝါဒနဲ့ပတ်သက်လို့ရော ဘယ်လိုသဘောထားအမြင်ရှိပါသလဲခင်ဗျ။

"ကျနော်တို့မြင်တာက ဒီပေါ်လစီကတော့ အလွန်သဘာဝယုတ္တိကျတဲ့ပေါ်လစီ၊ အဓိပ္ပါယ်ရှိတဲ့ ကျိုးကြောင်းဖော်ပြချက်တွေပါဝင်တဲ့ ပေါ်လစီလို့ ကျနော်တို့ဒီလိုဘဲယူဆပါတယ်။"

**စာမျက်နှာ ၇ သို့**

# ဒေါ်အောင်ဆန်းစုကြည်နဲ့နိုင်ငံရေးအကျဉ်းသားတွေအားလုံးလွှတ်ပေးဘို့မြင်ချင်ကြောင်း ကုလအထွေထွေအတွင်းရေးမှူးချုပ်နဲ့လူ့အခွင့်အရေးကောင်စီကတောင်းဆို

**VOA၊ အောက်တိုဘာ ၃။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ဖမ်းဆီးထားတဲ့အမှု အယူခံကို တရားရုံးကပယ်ချလိုက်ချိန်မှာဘဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ပြန်ပြီးလွှတ်ပေးတာဘဲ လိုချင်ပါတယ်လို့ ပြောဆိုလိုက်ပါတယ်။

အလားတူ ဂျနီဗာမှာကျင်းပနေတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးပြီး နိုင်ငံရေးအပြောင်းအလဲတွေကို လုပ်ဆောင်သွားဘို့အတွက် အခြေအတင်ဆွေးနွေးမှုတွေကြားကနေ ဆုံးဖြတ်ချက်တရပ်ကိုချမှတ်လိုက်ပါတယ်။ အတိုက်အခံနိုင်ငံရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းထားတာကို ချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ဖမ်းဆီးထားတဲ့အမှုကို ပြင်ဆင်ဘို့အယူခံထားတာကို ပယ်ချလိုက်တဲ့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် ထပ်ပြီးတိုက်တွန်းလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လွှတ်ပေးဘို့ သူ့အနေနဲ့မြင်လိုဆဲဖြစ်တယ်လို့ Mr.Ban Ki-moon ကပြောလိုက်တဲ့အကြောင်းကို အတွင်းရေးမှူးချုပ်ရဲ့ပြောခွင့်ရသူတဦးဖြစ်တဲ့ Farhan Haq က သောကြာနေ့သတင်းစာရှင်းလင်းပွဲအတွင်း ပြောဆိုလိုက်တာဖြစ်ပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ရဲ့အယူခံကို တရားရုံးကပယ်ချလိုက်တဲ့အကြောင်း အတွင်းရေးမှူးချုပ်သိထားပါတယ်။ သူ့ရဲ့ရပ်တည်ချက်ဟာလည်း အရင်အတိုင်းမပြောင်းမလဲ ရှင်းရှင်းလင်းလင်းရှိနေဆဲပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ပြန်လွှတ်ပေးရမှာဖြစ်သလို နိုင်ငံရေး လုပ်ငန်းစဉ်မှာလည်း သူတို့အားလုံးကို ပါဝင်ခွင့်ပြုရမှာဖြစ်ပါတယ်။”

ပြီးခဲ့တဲ့ဩဂုတ်လထဲမှာတုန်းကလည်း ဒေါ်အောင်ဆန်းစုကြည်ဟာ အပြစ်ရှိတယ်ဆိုပြီး ရန်ကုန်အင်းစိန်ထောင်အတွင်း အထူးတရားရုံးက အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ် စီရင်ခဲ့ပေမယ့် စစ်အစိုးရအကြီးအကဲက သက်ညှာခွင့်အနေနဲ့ ပြစ်ဒဏ်ကိုတဝက်လျှော့ချပြီး ဆိုင်းငံ့ထောင်ဒဏ် ၁ နှစ်ခွဲ ကျခံစေခဲ့တာပါ။ ဒါပေမယ့်လည်း နေအိမ်ခြံဝင်းထဲ အမေရိကန်နိုင်ငံသားတဦး တိတ်တဆိတ်ရေကူးဝင်ရောက်လာခဲ့တဲ့ ကိစ္စနဲ့ပတ်သက်လို့ အပြစ်ပေးတာမမှန်ဘူးဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေက အယူခံလျှောက်ထားခဲ့ပေမယ့် ရန်ကုန်တိုင်းတရားရုံးက ဒါကို ထပ်ပြီးပယ်ချလိုက်တာလည်း ဖြစ်ပါတယ်။

အတွင်းရေးမှူးချုပ်က ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေး ထပ်ပြီးတိုက်တွန်းလိုက်တဲ့တချိန်တည်းမှာဘဲ မနီလာမြို့က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ ၁၂ ကြိမ်မြောက်ညီလာခံအတွင်း နိုင်ငံတကာကလူ့အခွင့်အရေးပြဿနာတွေနဲ့ပတ်သက်လို့ ဆွေးနွေးမှုအတော်များများအတွင်းမှာ မြန်မာနိုင်ငံကိစ္စကိုလည်း အာရုံစိုက်ပြောဆိုခဲ့ကြတာပါ။ အီးယူ–ဥရောပရဲ့သမဂ္ဂကိုယ်စားလှယ် ဆွီဒင်နိုင်ငံကဆိုရင် ညီလာခံအတွင်း ဆုံးဖြတ်ချက်တရပ်ချနိုင်ဘို့အတွက်ကိုလည်း ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။

“ဒီဆုံးဖြတ်ချက်ဟာ ဒေါ်အောင်ဆန်းစုကြည်ကို မကြာသေးခင်တုန်းက ပြစ်ဒဏ်ပေးစီရင်ခဲ့တဲ့အပေါ် အလွန်အမင်းစိုးရိမ်မကင်းဖြစ်ရတဲ့အပေါ် အလေးထားအာရုံစိုက်ထားတာဖြစ်သလို ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတွေကျင်းပသွားနိုင်ဘို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ပြန်လွှတ်ပေးဘို့ တောင်းဆိုထားတာလည်း ဖြစ်ပါတယ်။”

ဒီလိုဆုံးဖြတ်ချက်ထုတ်ပြန်ဘို့ကို မူလက ကြာသပတေးနေ့မှာ စီစဉ်ခဲ့ပေမယ့်လည်း အချေအတင်ပြောဆိုမှုတွေ၊ ကန့်ကွက်မှုတွေနဲ့အတူ နောက်တနေ့မှာမှ ထုတ်ပြန်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်တရပ်ထုတ်ပြန်ဘို့ကို လက်မခံကန့်ကွက်တဲ့အထဲမှာတော့ မြန်မာစစ်အစိုးရကို နိုင်ငံရေးအရကျောထောက်နောက်ခံပေးလေ့ရှိတဲ့ တရုတ်၊ ရုရှား စတဲ့နိုင်ငံတွေလည်း ပါဝင်ခဲ့တာပါ။

“အီးယူအနေနဲ့အခုလိုဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းလာတဲ့အပေါ် တရုတ်ကိုယ်စားလှယ်အဖွဲ့နဲ့ စိတ်မကောင်းဖြစ်မိပါတယ်။ ဒါဟာဆိုရင် အီးယူက မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို တနှစ်မှာတကြိမ်ဘဲတင်မယ်လို့ ပြောထားတဲ့ကတိကို ဖောက်ဖျက်ရာရောက်သလို လူ့အခွင့်အရေးကောင်စီတခုလုံးရဲ့ အခြေခံရပ်တည်ချက်တွေကို ချိုးဖောက်ရာရောက်ပါတယ်။ ဒီလိုဘဲ လူပုဂ္ဂိုလ်တဦးတယောက်အပေါ်အခြေခံပြီး ဆုံးဖြတ်ချက်ထုတ်ပြန်တဲ့အပေါ် တရုတ်နိုင်ငံက စိုးရိမ်မကင်းဖြစ်ရပါတယ်။”ဆိုပြီး တရုတ်အစိုးရကိုယ်စားလှယ်က ပြောသွားတာပါ။

ဒါဟာ မြန်မာနိုင်ငံရဲ့အချုပ်အချာ အာဏာပိုင်မှုနဲ့ တရားစီရင်ရေးကိုလည်း စွက်ဖက်ရာရောက်တာမို့ ဆုံးဖြတ်ချက်ချမှတ်ဘို့ကို လက်မခံနိုင်ကြောင်းလည်း တရုတ်ကိုယ်စားလှယ်အဖွဲ့က ပြောဆိုခဲ့တာလည်း ဖြစ်ပါတယ်။ မြန်မာစစ်အစိုးရကိုယ်စားလှယ် ဦးကျော်မျိုးထွဋ်ကလည်း အလားတူ တုန့်ပြန်ပြောဆိုသွားခဲ့သလို နိုင်ငံရေးတိုးတက်မှုတွေ လုပ်ဆောင်နေတာတွေရှိနေပါတယ်ဆိုပြီး သူကချေပပြောဆိုခဲ့တာပါ။

“ဒါဟာ ကျူးကျော်တဲ့နိုင်ငံရေးရည်မှန်းချက်တွေ အကြီးအကျယ်ပါဝင်တဲ့ ဆုံးဖြတ်ချက် မူကြမ်းဖြစ်ပြီး အီးယူက ဒီနှစ်အတွင်း တင်သွင်းတာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ဒါဟာ လူပုဂ္ဂိုလ်တဦးတယောက် အုပ်စုတစုကိုသာအာရုံစိုက်ပြီး တနိုင်ငံလုံးလွှမ်းခြုံမထားတဲ့ ထူးထူးခြားခြား မဖွယ်မရာ ဆုံးဖြတ်ချက်မူကြမ်းလည်းဖြစ်ပါတယ်။”

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအဖြစ် မကြာသေးခင်တုန်းက အကျဉ်းသား ၇,၀၀၀ ကျော်ကိုလွှတ်ပေးခဲ့ပြီး သူတို့တတွေအနေနဲ့လည်း ရှေ့နှစ်ရွေးကောက်ပွဲတွေမှာ ပါဝင်လာနိုင်စရာရှိတဲ့အကြောင်းလည်း မြန်မာကိုယ်စားလှယ်က ပြောဆိုခဲ့တာပါ။ ဒါပေမယ့်လည်း လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်မှုမရှိတာ မကြာသေးခင်က ပြန်လွှတ်ပေးလိုက်တယ်ဆိုတဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ လက်တဆုတ်စာသာပါတာမို့ မလုံလောက်သေးဘူးလို့ ဆုံးဖြတ်ချက်ထုတ်ပြန်ဘို့ ထောက်ခံခဲ့တဲ့ ဂျပန်နိုင်ငံကလည်း ပြောဆိုခဲ့တာဖြစ်ပါတယ်။

“အားလုံးကသဘောတူလက်ခံတဲ့ ဆုံးဖြတ်ချက်တရပ်ချမှတ်ဘို့ ကြိုးပမ်းခဲ့တဲ့ ဥရောပသမဂ္ဂရဲ့လုပ်ရပ်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဂျပန်အစိုးရအနေနဲ့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံကအခြေအနေနဲ့ပတ်သက်လို့ မကြာသေးခင်က ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်စီရင်လိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံက အထူးဘဲစိတ်ပျက်မိသလို ဒေါ်အောင်ဆန်းစုကြည်လတ်တလောကြုံတွေ့နေရတဲ့ အခြေအနေအတွက်လည်း စိတ်မကောင်းဖြစ်ရပါတယ်။

ဒါပေမယ့်လည်း မကြာသေးလင်တုန်းက နိုင်ငံရေးအကျဉ်းသား ၁၀၀ ကျော်ပြန်လွှတ်ပေးတဲ့အတွက် ဂျပန်နိုင်ငံက ဒါဟာအပြုသဘောဆောင်တဲ့ခြေလှမ်းတရပ်အဖြစ် ကြိုဆိုပါတယ်။ ဒီလိုဘဲ နောက်ထပ်လည်းလွှတ်ပေးဘို့ ဒီမိုကရေစီဖော်ဆောင်မှုတွေမှာ အားလုံးပါဝင်နိုင်တဲ့ အခြေအနေတွေဖန်တီးဘို့ အဲဒါတွေကိုလည်း ဂျပန်နိုင်ငံက မျှော်လင့်နေပါတယ်။”

ဒီလိုအချေအတင်ပြောဆိုမှုတွေကြားကဘဲ မနေ့တုန်းကတော့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံးပြန်လွှတ်ပေးပြီး နိုင်ငံရေးအခြေအနေတွေတိုးတက်အောင်လုပ်ဆောင်ဘို့ ဆုံးဖြတ်ချက်တရပ်ကို မဲခွဲဆုံးဖြတ်တာတတွေမလုပ်ဘဲနဲ့ ချမှတ်လိုက်တာပါ။ ဒီအတောအတွင်း မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် သောမတ်စ်အိုဟေး ကင်တားနားကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ပြဟ်ဒဏ်ပေးစီရင်ပြီး ဆက်လက်ဖမ်းဆီးထားတာဟာ စစ်အစိုးရက နိုင်ငံရေးအပြောင်းအလဲတွေလုပ်နေပါတယ်လို့ ပြောဆိုနေတာတွေကို သက်သေပြဘို့ အခွင့်အလမ်းကောင်းတခုကို လက်လွှတ်ခဲ့တာဖြစ်တဲ့အကြောင်း၊ မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေနဲ့ပတ်သက်လို့ ကုလသမဂ္ဂအထွေထွေညီလာခံကို မကြာခင်တင်သွင်းဘို့ရှိနေတဲ့ အစီရင်ခံစာထဲမှာ ဖော်ပြခဲ့ဖြစ်ပါတယ်။

# ဒေါ်စုက သံတမန်တွေနဲ့တွေ့ခွင့်ပြုရန် ဗိုလ်သန်းရွှေထံ စာရေးသားတောင်းဆို

**RFA/NEJ၊ စက်တင်ဘာ ၂၈။** ။ မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့အရေးယူထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က အနောက်တိုင်းသံတမန်တွေနဲ့ တွေ့ဆုံလိုတဲ့အကြောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကိုပေးပို့တဲ့စာထဲမှာ တောင်းဆိုထားပါတယ်။

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားတာတွေကို ရုတ်သိမ်းပယ်ဖျက်ရေးကိစ္စမှာ လက်တွဲဖြေရှင်းလိုတယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မူရင်းစာကို အဲန်အဲယ်လ်ဒီပါတီက ဒီကနေ့ကြေညာချက် အမှတ် ဖ/၀၉/၀၉ အဖြစ်နဲ့ ထုတ်ပြန်လိုက်တာပါ။ အဲဒီကြေညာချက်ကို အဖွဲ့ချုပ်ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က RFA ကို အခုလိုပြောပါတယ်။

“နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပယ်ဖျက်ရေးကိစ္စနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် စာရေးသားပေးပို့ခဲ့ပါသည်။ ယင်းစာကို ကြေညာချက် စာမျက်နှာ ၂ တွင် ပူးတွဲဖော်ပြလိုက်ပါသည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့။”

နအဖ ဥက္ကဋ္ဌထံပေးပို့သော ဒေါ်အောင်ဆန်းစုကြည်ရဲ့စာတွင် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပျယ်ဖျက်ရေးကိစ္စကို သူ့အနေဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် စက်တင်ဘာ ၁၂ ရက်တွင် အထက်အာဏာပိုင်များထံ တင်ပြအသိပေးနိုင်ရန် သတင်းတပ်ဖွဲ့မှတဆင့် နှုတ်ဖြင့် ပြောကြားခဲ့ပြီးဖြစ်ကြောင်း ဦးစွာဖော်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့မူရင်းစာထဲမှာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုအားလုံး သိရှိနားလည်နိုင်စေရေး၊ မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့ထားတဲ့အတွက် နစ်နာမှုအတိုင်းအတာကို သိရှိနားလည်စေရေးနဲ့ ပိတ်ဆို့အရေးယူထားတဲ့နိုင်ငံတွေက အစိုးရတွေရဲ့သဘောထားတွေကို သိရှိနားလည်စေရေး၊ အချက် ၃ ချက်ကို အရင်ဆုံးဆောင်ရွက်ရမှာဖြစ်တယ်လို့ ရေးသားဖော်ပြထားပြီး အဲဒီကိစ္စတွေဆောင်ရွက်နိုင်ဘို့အတွက်ကိုလည်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံမှူးကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ကိုယ်စားလှယ်သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတေးလျသံအမတ်ကြီးတို့နဲ့ တွေ့ဆုံခွင့်ပြုဘို့ ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုထားတာပါ။

အဲဒါအပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့သဘောထားကို ရယူနိုင်ဘို့ အဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့တွေ့ခွင့်ပြုဘို့ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုထားပါတယ်။ ဒီအတောအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ်နဲ့တိုင်းအသီးသီးက စည်းရုံးရေးမှူးတွေကို ဒီနေ့ကစပြီး ၅ ရက်ကြာ အရည်အချင်းမြှင့်တင်ရေးသင်တန်း ပြုလုပ်နေတယ်လို့ ပါတီဗဟိုပြန်ကြားရေးဌာနကပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင်ဦးအုန်းကြိုင်က သူတို့ပါတီစည်းရုံးရေးမှူးတွေကို စည်းရုံးရေးအခြေခံနိုင်ငံရေးသင်တန်း ပို့ချတာဖြစ်တယ်လို့ RFA ကိုပြောပါတယ်။ ဒီသင်တန်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သမိုင်းကို ဦးအုန်းကြိုင်က ဒီကနေ့မနက်မှာပို့ချခဲ့ပြီး ညနေပိုင်းမှာတော့ ဦးအောင်ကြည်ညွန့်က စည်းရုံးရေးဘာသာရပ်ကို ဆွေးနွေးပို့ချခဲ့ပါတယ်။

နောက်ရက်တွေမှာ ဥပဒေနဲ့သက်ဆိုင်တဲ့ဗဟုသုတ၊ နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်တဲ့ဗဟုသုတ၊ HIV/AIDS ဝေဒနာသည်တွေပြုစုစောင့်ရှောက်ရေးနဲ့ပတ်သက်တဲ့ဗဟုသုတ၊ သတင်းစာပညာ၊ စီးပွားရေးပညာ၊ ဒီမိုကရေစီပညာရေး စသဖြင့် အသီးသီးပို့ချသွားမှာဖြစ်ကြောင်း ဦးအုန်းကြိုင်ကပြောပါတယ်။ သင်တန်းမှူးတွေကတော့ ဦးခင်မောင်ဆွေ၊ ဦးစိန်လှဦး၊ ဦးအုန်းကြိုင်၊ ဦးသိန်းညွန့်၊ ဦးဟံသာမြင့်၊ ဦးမျိုးမြင့်၊ ဦးဝင်းမြင့်တို့ဖြစ်ကြပြီး ပြည်နဲ့တိုင်းအသီးသီးကစည်းရုံးရေးမှူးအယောက် ၄၀ လောက် တက်ရောက်နေကြတယ်လို့ သိရပါတယ်။

# ဒေါ်စုက ဗိုလ်သန်းရွှေထံ မေတ္တာရပ်ခံစာပို့

**DVB၊ စက်တင်ဘာ ၂၆။** ။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာရဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ ရုပ်သိမ်းဖို့ကိစ္စနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရာမှာလိုအပ်တဲ့လိုအပ်ချက်တွေကို ဆွေးနွေးညှိနှိုင်းဖို့ ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မေတ္တာရပ်ခံစာကို မနေ့က လက်မှရေးထိုးပြီး ဒီကနေ့မှာ ပေးပို့လိုက်ပါတယ်။

ဒီလိုပေးပို့လိုက်တဲ့ စာထဲမှာပါတဲ့ အဓိကအချက်တွေနဲ့ ပတ်သက်လို့ အမျိုးသားဒီမိုကရေစီချုပ်ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

“စာပါအကြောင်းအရာ အဓိကအချက်ကတော့ အရေးယူပိတ်ဆို့ထားတာတွေ ရုပ်သိမ်းရေးကိစ္စပေါ့။ စာထဲမှာဖော်ပြတဲ့ အရေးကြီးတဲ့အချက်တွေကို ဒေါ်အောင်ဆန်းစုကြည်က ဒီလိုအရေးယူပိတ်ဆို့မှုတွေနဲ့ပတ်သက်ပြီး ပပျောက်အောင် ပယ်ဖျက်အောင် အစိုးရနဲ့ပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး အရင်ကတည်းပြောခဲ့တယ်။ ပူးပေါင်းဆောင်ရွက်မှုကို လုပ်နိုင်ဖို့အတွက် ဆောင်ရွက်ဖို့မှာ လိုအပ်ချက်တွေ ဖေါ်ပြပါတယ်၊ လိုအပ်ချက်တွေ ဆောင်ရွက်ခွင့်ပေးဖို့ အကြောင်းကြားတဲ့ မေတ္တာရပ်ခံတဲ့ စာပါ။ အဓိကအချက်အနေနဲ့ စန်ရှင်တွေက ဘာတွေရှိနေတာလဲ၊ ဘယ်လို စန်ရှင်တွေလဲ၊ စန်ရှင်ရဲ့အကျိုးဆက် ထိခိုက်မှုနစ်နာမှု အတိုင်းအတာ ဘယ်လောက်ထိရှိသလဲ၊ ဒီလို စန်ရှင်ချမှတ်တဲ့ နိုင်ငံတွေရဲ့သဘောထားတွေဟာ ဘယ်လိုရှိသလဲ၊ ပြည့်ပြည့်စုံစုံ သိရှိဖို့လိုတယ်ပေါ့။ တိုင်းပြည်နဲ့ ပြည် သူလူထု အကျိုးကို ရှေးရှုပြီးတော့ ဆောင်ရွက်တာဖြစ်တဲ့အတွက် တုံ့ပြန်မှုရှိမယ်လို့မျှော်လင့်ပြီးတော့ ရေးတာပါ။”

အဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံလည်းဖြစ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတဦးလည်းဖြစ်တဲ့ ဦးဉာဏ်ဝင်း ပြောကြားသွားတာပါ။ အမေရိကန် အပါအဝင် ဥရောပသမဂ္ဂတို့က နအဖစစ်အုပ်စုအပေါ် စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုတွေကို လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်က စတင်ပြုလုပ်ခဲ့တာဖြစ်ပြီး ဒီလိုစီးပွားရေး ပိတ်ဆို့ ဒဏ်ခတ်မှုတွေရဲ့ အကျိုးသက်ရောက်မှု ရှိမရှိအပေါ် လွန်ခဲ့တဲ့နှစ်ပိုင်းတွေက စတင်ပြီး အငြင်းပွားမှုတွေ ဖြစ်ပေါ်ခဲ့နေခဲ့တာပါ။

# ရဲမှူးကြီးဝင်းနိုင် ထွက်ပြေးလွတ်မြောက်

**NEJ၊ စက်တင်ဘာ ၂၉။** ။ အဂတိလိုက်စားမှု၊ အာဏာအလွဲသုံးစား လုပ်မှု၊ စသည့်စွဲချက်များဖြင့် ဩဂုတ်လအတွင်း ရာထူးဖြုတ်ချခံရကာ ဖမ်းဆီးခံထားရသည့် ယခင် ရန်ကုန်တိုင်း၊ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်သည် ပြီးခဲ့တဲ့အပတ်အတွင်း ထွက်ပြေးလွတ်မြောက်သွားသည်။

ရဲမှူးကြီးဝင်းနိုင်အား ဖမ်းဆီးစစ်ဆေးနေစဉ်အတွင်း ရဲတပ်ဖွဲ့အတွင်း မမှန်မကန်လုပ်ရပ်များအား သက်သေထွက်ဆိုသဖြင့် နေပြည်တော်တွင်အကျယ်ချုပ်ဖြင့် ဆက်လက်ချုပ်ထားရာမှ ထွက်ပြေးခဲ့ခြင်းဖြစ်သည်ဟု နေပြည်တော်ရှိရဲသတင်းတပ်ဖွဲ့နဲ့ နီးစပ်သူတဦးကပြောပါတယ်။ ထိုသူကပင်“သူကဖော်ကောင်လုပ်ခဲ့တာ။ ဒါနဲ့ သူ့ကိုအကျယ်ချုပ်လိုချုပ်ထားတုန်း ထွက်ပြေးသွားတာ။ သူပြေးတာက ပြီးခဲ့တဲ့အပတ် ကြာသပတေးနေ့ကလို့သိရတယ်။ သူကဖော်လိုက်တော့ ရဲမှူးတွေအတော်များများ အစစ်ဆေးခံရ၊ အဖမ်းခံရတာတွေ ဖြစ်နေတယ်။ ရဲချုပ်ခင်ရီကိုလည်း ဖမ်းထားတယ်။ အခု ရဲအပေါ်ပိုင်းမှာအတော်လေးရှုပ်နေကုန်ပြီ။”လို့ ပြောပါတယ်။

ရဲမှူးကြီးဝင်းနိုင်သည် ရှမ်းပြည်မြောက်ပိုင်း ပြည်နယ်ရဲမှူးအဖြစ် လားရှိုးတွင် မကြာသေးမီနှစ်ပိုင်းများက တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး တရုတ်–မြန်မာနယ်စပ်ရှိ စီးပွားရေးသမားများနှင့် ရင်းနှီးဆက်စပ်မှုများလည်းရှိ၍ ၎င်းတို့၏အကူအညီဖြင့် တရုတ်ပြည်ဘက်သို့ထွက်ပြေးတိမ်းရှောင်သွားတာဖြစ်တယ်လို့ အဆိုပါပုဂ္ဂိုလ်က ပြောပါတယ်။

သူကပင် “၂၀၀၅–၂၀၀၆–၂၀၀၇ လောက်ကထင်တယ်၊ လားရှိုးမှာသူတာဝန်ကျသွားသေးတယ်၊ ဆိုတော့ အဲဒီကတည်းက တရုတ်နယ်စပ်ကမှောင်ခိုလုပ်နေတဲ့ စီးပွားရေးသမားတွေနဲ့ ဆက်စပ်ပတ်သက်နေတာတွေ အများကြီးရှိခဲ့တယ်။ အဲဒါကြောင့်လည်း တရုတ်ဘက်ကိုထွက်ပြေးလို့ရနိုင်တာ၊ နယ်စပ်နဲ့နီးတဲ့ ကျယ်ဂေါင်၊ ရွှေလီလိုနေရာတွေတော့ ဘယ်နေရဲမလဲ။ မံစီတို့ ရင်ကျန်းတို့လို နည်းနည်းအတွင်းကျတဲ့နေရာတွေကို ပြေးမှာပေါ့။”လို့ ပြောပါတယ်။

# သားရွှေအိုးထမ်းလာသည်ကို မြင်ရကိန်း

**ကျော်ကျော်စိုး**

အဖွဲ့ အစည်းတခုအတွင်း သို့မဟုတ် လူ့ အဖွဲ့ အစည်းအတွင်း အယူအဆ သဘောထားမတူညီသည့်အခါမျိုးတွင် ဘက်နှစ်ဘက်အကြား အခြေအတင်ဖြစ်လေ့ဖြစ်ထရှိသည်။ ထိုသို့အခြေအတင်ဖြစ်သောအခါ မိမိယုံကြည်ရာ သို့မဟုတ် အကျိုးစီးပွားအပေါ် အခြေပြုရပ်တည်လေ့ ရှိသည်။ မိမိဘက်ကကြည့်လျှင် မှန်ကန်သည်ဖြစ်သော်လည်း မိမိတဦးတည်း သို့မဟုတ် မိမိပါဝင်သော အဖွဲ့တဖွဲ့တည်းနှင့်သက်ဆိုင်သော ကိစ္စမျိုးမဟုတ်ပါက ထိုကဲ့သို့ရှုမြင်မှုသည် ပြည့်စုံမှန်ကန်သည်ဟု မဆိုနိုင်ပေ။

ကွဲပြားမှုများဖြစ်သောအခါ လူ့အဖွဲ့အစည်းသည် မိမိမျှော်မှန်းရည်ရွယ်သောပန်းတိုင်၊ ရည်မှန်းချက်များသို့ ပေါက်မြောက်ရေးအတွက် မြောက်မြားလှစွာသောအခက်အခဲများကြားတွင် လျှောက်လှမ်းရမည်ဖြစ်သည်။ ထိုအခါပေးဆပ်ရမှု များစွာရှိလာမည်ဖြစ်သည်၊ တန်ရာ တန်ကြေးပေးဆပ်ရမှုအတွက်မထောင်းတာလှသော်လည်း မတန်တဆပေးဆပ်ရမှုများအတွက်မူ နစ်နာဆုံးရှုံးမှုများကြီးမားခြင်းနှင့်ကြုံရလေ့ ရှိသည်။

လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်၊ အချိန်အရင်းအမြစ်၊ လူမှုပတ်ဝန်းကျင်အရင်းအမြစ် စသည့်အရင်းအမြစ်များစွာ ဆုံရှုံးရပေသည်။ ထိုဆုံးရှုံးများထဲတွင် ပြန်လည်အစားထိုးနိုင်သည်များလည်းရှိသည်၊ အစားထိုးမရသည်များလည်းရှိသည်၊ ထိုအပေါ်တွင် မူတည်ကာ မိမိအဖွဲ့ သို့မဟုတ် လူ့အဖွဲ့အစည်း သို့မဟုတ် နိုင်ငံအနာဂတ်အပေါ် အကျိုးသက်ရောက်မှုပမာဏကွာခြားလေသည်။

ထို့ကြောင့် ကွဲပြားမှုဖြစ်ပြီဆိုသည်နှင့် ထိုကွဲပြားမှုက အနာဂတ်အပေါ်မည်သို့အကျိုးသက်ရောက်မည်ဆိုသည်အထိ ကျယ်ပြန့်စွာတွေးတောလုပ်ဆောင်နိုင်ရန်လိုအပ်သည်။ ထိုအတွက် ပထမဦးဆုံးအနေဖြင့်လိုအပ်သည်မှာ ကွဲလွဲမှုများ၊ ပြဿနာများကို ဆွေးနွေးဖြေရှင်း ကြမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

အချို့သောသူများသည် ဆွေးနွေးဖြေရှင်းရေးကိစ္စအား စနစ်တကျသေချာစွာဖြင့် အလေးပေးလုပ်ဆောင်ခြင်းမရှိကြပေ။ အချို့ကလည်း စိတ်ရှည်လက်ရှည်ဖြင့် လုပ်ဆောင်နိုင်ခြင်းမရှိကြပေ။ အချို့ကလည်း စိတ်ရှည်လက်ရှည်ဖြင့် ဆွေးနွေးဖြေရှင်းရေးကို လုပ်ဆောင်ကြသည်။ ဤနေရာတွင် သိထားရန်လိုအပ်သည့်အချက်မှာ ကွဲလွဲမှုဖြစ်ကြပြီဆိုလျှင်၊ ပြဿနာဖြစ်ပြီဆိုလျှင် ဖြေရှင်းသည့် ပထမဦးဆုံးနည်းလမ်းမှာ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးခြင်းပင်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှု၏ပန်းတိုင်မှာ ဆွေးနွေးကြသူများအကြား မိမိတို့လိုလားချက်များကို ရရှိရေးပင်ဖြစ်သည်။ တနည်းဆိုရလျှင် နှစ်ဘက်စလုံးအနိုင်ရသည့် win-win solution ရရှိရေးပင်ဖြစ်သည်။ ဤသည်ကို မျက်ခြည်မပြတ်လုပ်ဆောင်နိုင်ရေးသည် တွေ့ဆုံဆွေးနွေးမှုတွင် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးကြပြီဆိုလျှင် နှစ်ဘက်အကြား အပြန်အလှန်သဘောထားအမြင်ချင်း ဖလှယ်နိုင်ကြပေလိမ့်မည်၊ ထိုမှတဆင့် ကိုယ့်လိုလား ချက်များကို တင်ပြနိုင်ကြပေလိမ့်မည်။ ထိုအခါ တဘက်က လိုက်လျောနိုင်သည်လည်းရှိမည်၊ မလိုက်လျောနိုင်သည်လည်းရှိမည် ဆိုသည်ကို ကြိုတင်သဘောပေါက်နားလည်ထားရန်လိုအပ်သည်။ ဤသည်မှာ အလျှော့အတင်းရှိသည်ဆိုခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့နားလည်ခြင်းသည် အပေးအယူလုပ်ခြင်း သို့မဟုတ် အပေးအယူလုပ်ရမည်ဆိုသည်ကို နားလည်ခြင်းဖြစ်သည်၊ အပေးအယူလုပ် ရန်လိုအပ်သည်ကို နားလည်ခြင်းသည် တွေ့ဆုံဆွေးနွေးမှုအောင်မြင်ရေးအတွက် အုတ်မြစ်ချလိုက်ခြင်းပင်ဖြစ်သည်။ အုတ်မြစ်ချလိုက်ပြီဆိုလျှင် မိမိချလိုက်သောအုတ်မြစ် အခြေခိုင်ရန်လိုအပ်သည်ကို အထူးသတိထားရန်လိုအပ်သည်။ အုတ်မြစ်အခြေခိုင်မှသာလျှင် ထိုအပေါ်တွင်တည်ဆောက်မည့်အဆောက်အဦ ရေရှည်တည်တံ့မည်ဖြစ်သည်။ ထို့ကြောင့် အုတ်မြစ်ခိုင်မာစေရန် မည်သို့တည်ဆောက်ကြမည်ဆိုသည်ကို စဉ်းစားကြရန်လိုသည်။

ဘက်နှစ်ဘက် သို့မဟုတ် ဆွေးနွေးမှုတွင်ပါဝင်နေသောသူများတွင် မိမိတို့အတွက် အခြေခံအကျဆုံးသောလိုလားချက် လိုအပ်ချက်များရှိမည်မှာ သေချာသည်။ ထိုအချက်များသည် သက်ဆိုင်သူများအတွက် ပြောင်းလဲရန် အလျှော့ပေးရန် ခက်ခဲသည့်အရာများဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော်လည်း ထိုအခြေခံအချက်များကိုထိပါးခြင်းမရှိစေပဲ သိမ်မွေ့ညင်သာစွာဖြင့် ကိုင်တွယ်ချဉ်းကပ်လုပ်ဆောင်နိုင်ခြင်းသည် တွေ့ဆုံဆွေးနွေးမှုတွင်ပါဝင်လုပ်ဆောင်နေကြသူများ၏ အရည်အချင်းကိုဖော်ပြနေသည်။ ဤသည်ကို နည်းပရိယာယ်ဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ကွဲလွဲမှု၊ ပြဿနာဖြစ်ပြီဆိုလျှင် အရင်ဆုံး ဆွေးနွေးမှုဖြင့်အဖြေရှာရန်လိုအပ်သည်ဆိုသည့်အချက်ကို သဘောပေါက်လက်ခံကျင့်သုံးနိုင်ရမည်၊ ထိုမှတဆင့် နှစ်ဘက်စလုံးလိုလားချက်များကို အတတ်နိုင်ဆုံး အပေးအယူအလျှော့အတင်းလုပ်ခြင်းဖြင့် မိမိ၏အခြေခံရည်မှန်းချက်လိုလားချက်များကို မထိခိုက်စေပဲ ရရှိစေရန် ဆောင်ရွက်နိုင်ရမည်။ အပေးအယူလုပ်၍ ကျေနပ်လက်ခံနိုင်သည့်အဆင့် အထိရောက်ရှိလာပြီဆိုလျှင် နှစ်ဘက်စလုံးအနိုင်ရသည့်အခြေအနေသို့ရောက်ရှိလာနိုင်ပေမည်။ ဤသည်ကို သားရွှေအိုးထမ်းလာသည်ကို မြင်ရသည်ဟု ခေါ်ဆိုရမည်ဖြစ်သည်။

အနှစ်ချုပ်အားဖြင့်ဆိုရလျှင် ကွဲလွဲမှု အခက်အခဲ ပြဿနာများကို စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေရှာလျှင် သက်ဆိုင်သူအားလုံး အနိုင်ရမည်ဖြစ်ပြီး ငြိမ်းချမ်းမှုများဖြစ်ထွန်းကာ အနာဂတ်အတွက် အာမခံချက်ရှိမည်ဖြစ်ပေသည်။

---

## ဒေါ်အောင်ဆန်းစုကြည်အယူခံရန်ကုန်တိုင်းတရားရုံးကပယ်ချ

**NEJ ၊ အောက်တိုဘာ ၂။ ။** နေအိမ်အကျယ်ချုပ်ဖြင့် အထိန်းသိမ်းခံနေ ရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ခြံဝင်းအတွင်း အမေရိကန်နိုင်ငံသားဝင်ရောက်ခဲ့မှုကြောင့် နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုဖြင့် အင်းစိန်ခရိုင်အထူးရုံးက ပြစ်ဒဏ်များချမှတ်ခဲ့မှုအပေါ် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံတင်ခဲ့ရာ ယနေ့တိုင်းတရားရုံးက အယူခံကိုပယ်ချလိုက်ပါတယ်။

“ရန်ကုန်တိုင်းတရားရုံးက အယူခံကိုပယ်လိုက်ပါတယ်။ ကျနော်တို့တင်ပြလျှောက်လဲခဲ့တဲ့ ၁၉၇၄ အခြေခံဥပဒေဟာ အသက်ဝင်မှုမရှိတော့ဘူးဆိုတာကို တိုင်းတရားရုံးက လက်ခံတယ်လို့ စီရင်ချက်မှာဖော်ပြထားပါတယ်။ သို့သော်လည်း ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများဘေးအန္တရာယ်မှ ကာကွယ်တဲ့ဥပဒေအရ အောက်ရုံးအမိန့်ကို အတည်ပြုတယ်။ အယူခံကိုပယ်တယ်လို့ ဆိုပါတယ်။“လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ ဦးဉာဏ်ဝင်းကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ခြံဝင်းအတွင်း အမေရိကန်နိုင်ငံသား မစ္စတာယက်တောဝင်ရောက်ခဲ့မှုအတွက် နအဖ စစ်အစိုးရက မေ ၁၈ ရက်မှာ နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှု ပုဒ်မ ၂၂ ဖြင့် အင်းစိန်အထူးတရားရုံးမှာ ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုခဲ့ပြီး ဩဂုတ် ၁၁ ရက်တွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ဒေါ်ခင်ခင်ဝင်းနဲ့ မဝင်းမမတို့အပေါ်လည်း အလားတူပြစ်ဒဏ်များချမှတ်ခဲ့ပါတယ်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နေအိမ်အကျယ်ချုပ် ၁၈ လ ကျခံစေရန်နဲ့ မူလတရားရုံးမှချမှတ်ခဲ့တဲ့ပြစ်ဒဏ်ကို တဝက်လျှော့လိုက်ပြီး ကျန်ပြစ်ဒဏ်တဝက်ကို ဆိုင်းငံ့အဖြစ်ထားရှိရန် ပြည်ထဲရေးဝန်ကြီးမှတဆင့် အမိန့်ထုတ်ခဲ့ပါတယ်။ ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းအတွက် စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံဝင်ခဲ့ရာ တိုင်းတရားရုံးက စက်တင်ဘာ ၁၈ ရက်တွင် နှစ်ဘက်ရှေ့နေများရဲ့လျှောက်လဲချက်ကို ကြားနာခဲ့ပါတယ်။

အဆိုပါကြားနာမှုအတွင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေများက ရန်ကုန်တိုင်းတရားရုံးကို ၁၉၇၄ ခုနှစ် အခြေခံဥပဒေ အသက်ဝင်မှုမရှိတော့ကြောင်း သက်သေပြနိုင်တဲ့အထောက်အထား ၄ မျိုးနဲ့ အကျယ်တဝင့်တင်ပြခဲ့ကြပါတယ်။

# နအဖ နဲ့တိုက်ရိုက်ဆက်ဆံမှုဆိုပေမယ့် အရေးယူမှုတွေဆက်ရှိနေမည်

**NEJ । အောက်တိုဘာ ၁ ။** ။ မြန်မာစစ်အစိုးရအာဏာပိုင်များနဲ့ တိုက်ရိုက်ဆက်ဆံမှုများ လုပ်ဆောင်သွားမယ့်ပေါ်လစီသစ်ကို ချမှတ်ထားသော်လည်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို လျှော့ပေါ့ပေးလိမ့်မည်မဟုတ်ဟု အမေရိကန်အစိုးရက ယမန်နေ့ကပြောကြားလိုက်ပါတယ်။

အရှေ့အာရှနဲ့ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကဲမ်ဘဲလ်သည် စက်တင်ဘာ ၂၉ ရက်တွင် နယူးယော့ခ်မြို့၌ မြန်မာစစ်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဦးသောင်းနှင့်တွေ့ဆုံခဲ့ပြီးနောက် အခုလိုပြောကြားလိုက်တာဖြစ်ပါတယ်။ အမေရိကန်အစိုးရက မြန်မာစစ်အစိုးရနဲ့တိုက်ရိုက်ဆက်ဆံပြောဆိုမှုတွေ ပြုလုပ်သွားမှာဖြစ်သလို တဘက်မှာလည်း ပိတ်ဆို့တားမြစ်မှုကို ဆက်လက်ထားရှိမှာဖြစ်တယ်လို့ ပေါ်လစီသစ်ကိုကြေညာခဲ့ပြီး နောက်တနေ့တွင် အခုလို နအဖ ထိပ်ပိုင်းအရာရှိနှင့်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။

နအဖ ဝန်ကြီးဦးသောင်းနဲ့ ၂ နာရီကြာတွေ့ဆုံခဲ့တဲ့ မစ္စတာကာ့တ်ကဲမ်လဲလ်က အခုလိုတွေ့ဆုံဆွေးနွေးမှုမျိုး ဆက်လက်ဖြစ်မြောက်သွားရေးအတွက် မြန်မာအစိုးရထံမှ မိမိတို့ဘာကိုမျှော်လင့်တယ်ဆိုတဲ့အချက်ကို ရှင်းရှင်းလင်းလင်းချပြခဲ့တယ်လို့ ပြောပါတယ်။ အဓိကအချက်များမှာ လူ့အခွင့်အရေးကိစ္စနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးတို့ ပါတယ်လို့ သိရပါတယ်။

မြန်မာစစ်အစိုးရထိပ်တန်းအရာရှိနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် မျှော်လင့်ချက်အလားအလာများရှိတယ်လို့ မစ္စနာကာ့တ်ကဲမ်ဘဲလ်က ပြောကြားခဲ့သော်လည်း မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေကို စစ်အစိုးရက ဒီမိုကရေစီအရေး စတင်ဆောင်ရွက်ခြင်းမရှိသေးသ၍ ဆက်လက်ထားရှိဦးမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

“တွေ့ဆုံစကားပြောမှုတွေ စတင်နေချိန်မှာ ကျနော်တို့ရဲ့စိုးရိမ်ပူပန်မှုတွေအပေါ် အဓိပ္ပါယ်ရှိတဲ့တိုးတက်မှုတွေ မတွေ့ရသေးဘဲ ပိတ်ဆို့အရေးယူမှုတွေကို ဖယ်ရှားလိုက်ရင် မှားလိမ့်မယ်” လို့လည်း မစ္စတာကာ့တ်ကဲမ်ဘဲလ်က အမေရိကန်အထက်လွှတ်တော် အာရှပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံခြားရေးရာကော်မတီရဲ့ မြန်မာနိုင်ငံအရေး ကြားနာပွဲတရပ်မှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

အဆိုပါကြားနာပွဲတွင် အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်သက်ဘ်က အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံနဲ့ဆက်ဆံရာတွင် ပိုမိုကောင်းတဲ့နည်းလမ်းတွေကို တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ မစ္စတာသက်ဘ်က အမေရိကန်ပြည်ထောင်စုရဲ့ ကျဉ်ဖယ်မှုပေါ်လစီသည် မြန်မာစစ်ဗိုလ်ချုပ်ကြီးများ အပြောင်းအလဲဖြစ်ရေးအပေါ် အကန့်အသတ်များရှိစေပြီး မြန်မာပြည်သူလူထုအပေါ် အမေရိကန်ရဲ့ဩဇာသက်ရောက်မှုကို ထိခိုက်စေတဲ့အပြင် နှစ်နိုင်ငံစီးပွားရေးကိုလည်း ပျက်ဆီးစေတယ်လို့ ပြောဆိုခဲ့ကြောင်း သိရှိရပါတယ်။

---

**စာမျက်နှာ ၃ မှ**

**RFA** ။ ။ ဟုတ်ကဲ့၊ ကျေးဇူးအများကြီးတင်ပါတယ်။

ဆက်လက်ပြီး ဗိုလ်ချုပ်သိန်းစိန်က **Sanction** ပိတ်ဆို့အရေးယူထားတာကို ရုပ်သိမ်းပေးဘို့တောင်းဆိုတာနဲ့ အမေရိကန်ရဲ့မူဝါဒအသစ်အပေါ် **CRPP** ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ သဘောထားကိုသိရှိနိုင်ဘို့ အတွင်းရေးမှူးဦးအေးသာအောင်ကိုလည်း ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ

**RFA** ။ ။ မနေ့တုန်းက ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကပြောတာရှိပါတယ်၊ အနောက်တိုင်းနိုင်ငံကြီးတွေက မြန်မာနိုင်ငံအပေါ်မှာပိတ်ဆို့အရေးယူထားတာရှိပါတယ်။ ဒီပိတ်ဆို့အရေးယူထားမှုဟာ အကျိုးမရှိပါဘူး၊ နောက် မြန်မာပြည်သူအားလုံးကို အတန်းအစားအလွှာမရွေးထိခိုက်ပါတယ်လို့ ပြောဆိုသွားပါတယ်။ အဲဒီအတွက်ကြောင့် ပိတ်ဆို့အရေးယူထားမှုကိုပြန်လည်ရုပ်သိမ်းပေးပါလို့ ပြောဆိုသွားပါတယ်။ ဆိုတော့ မြန်မာနိုင်ငံမှာပိတ်ဆို့အရေးယူထားတာနဲ့ပတ်သက်ပြီးတော့ နောက် ရုပ်သိမ်းဘို့ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ အဲန်ကယ်တို့အမြင်သဘောထားဘယ်လိုရှိပါသလဲ။

“ဒါကတော့ စီးပွားရေးပိတ်ဆို့တယ်ဆိုတာ အမေရိကန်အပါအဝင် ဥရောပနိုင်ငံတွေရဲ့ မြန်မာနိုင်ငံအပေါ်မှာ ထားတဲ့ပေါ်လစီ၊ အဲဒါကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဒီမိုကရေစီအခွင့်အရေးတွေ၊ လူ့အခွင့်အရေးတွေ စံချိန်စံနှုန်းတွေ မကောင်းတဲ့အတွက်ကြောင့် ဒီလိုအရေးယူပိတ်ဆို့ထားတယ်လို့မြင်ပါတယ်။ အဲဒီတော့ ဒါတွေကို ဖွင့်ပေးဘို့ဆိုရင် မြန်မာနိုင်ငံမှာ အတွင်းမှာရှိတဲ့ လူ့အခွင့်အရေး ဒီမိုကရေစီအခွင့်အရေးတွေ တိုးတက်ကောင်းမွန်လာအောင်လည်း လုပ်ပေးဘို့လိုလိမ့်မယ်လို့ ကျနော့အနေနဲ့မြင်ပါတယ်။”

**RFA** ။ ။ ဟုတ်ကဲ့၊ နောက်တခုက ဗိုလ်ချုပ်ကြီးသိန်းစိန်ကပြောပါတယ်၊ မြန်မာပြည်မှာလူ့အခွင့်အရေးတွေ ဒီမိုကရေစီရေးတွေကိုဖော်ဆောင်တဲ့နေရာမှာတဲ့ ပြည်ပနိုင်ငံတွေကလုပ်ပေးလို့မရပါဘူးတဲ့၊ မြန်မာပြည်သူတွေကိုယ်တိုင် မြန်မာပြည်ရဲ့ကိစ္စ မြန်မာပြည်ရဲ့လူ့အခွင့်အရေး ဒီမိုကရေစီရေးကိစ္စကို မြန်မာပြည်သူတွေကိုယ်တိုင် ဆုံးဖြတ်လုပ်ဆောင်မှာဖြစ်ပါတယ်တဲ့၊ ဆိုတော့ မြန်မာပြည်မှာပြည်သူလူထုရဲ့ဆုံးဖြတ်လုပ်ဆောင်နိုင်တဲ့အနေအထားနဲ့ပတ်သက်လို့ရော အဲန်ကယ်တို့ ဘယ်လိုသုံးသပ်မိပါသလဲ။

“အမှန်ကတော့ မှန်ပါတယ်၊ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး လူ့အခွင့်အရေးဆိုတာ ပြည်တွင်းမှာလုပ်မှရမှာပါ။ အဓိက အာဏာပိုင်တွေယူထားတဲ့ အာဏာပိုင်အဖွဲ့အစည်းက ဒီမိုကရေစီအခွင့်အရေးတွေ လူ့အခွင့်အရေးတွေကို လုပ်ပေးမယ်ဆိုရင် တဖြည်းဖြည်းနဲ့ တိုင်းပြည်ဟာ လူ့အခွင့်အရေးတွေအပါအဝင် တိုင်းပြည်ရဲ့ စီးပွားရေးတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြည်တွင်းမှာရှိတဲ့ပြည်သူတွေက ၈၈ အရေးအခင်းမှာ ဒီမိုကရေစီအခွင့်အရေးတွေ လူ့အခွင့်အရေးတွေ လိုချင်ပါတယ်လို့ တောင်းဆိုခဲ့ပြီးပြီ၊ ပြီးတော့ သံဃာတော်များကလည်း ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအကျပ်အတည်းတွေကိုဖြေရှင်းဘို့အတွက် တောင်းဆိုခဲ့ပြီးပြီ၊ ဒီတောင်းဆိုမှုကိုသာ လိုက်လျောမယ်၊ ပြုပြင်မယ်၊ ပြောင်းလဲမယ်ဆိုရင် ပြည်တွင်းမှာလုပ်လို့ရပါတယ်။”

**RFA** ။ ။ အဲဒီတော့ ဒီတောင်းဆိုချက်တွေ ဒီပြည်သူတွေရဲ့ဖော်ပြချက်တွေက ပြည်သူတွေရဲ့ဒီနေ့သဘောထား ပြည်သူတွေရဲ့ဆုံးဖြတ်ချက်လို့ ပြောရင်ရမလားခင်ဗျ။

“ရပါတယ်၊ ပြည်သူတွေရဲ့သဘောထားပါ။

**RFA** ။ ။ ဟုတ်ကဲ့၊ အမေရိကန်အစိုးရကနေပြီးတော့ မြန်မာနိုင်ငံကို မူဝါဒအသစ်ပြောင်းလဲပါတယ်၊ အဲဒါကတော့ အဓိက သူတို့ **engagement** လို့ခေါ်တဲ့ အပြုသဘောဆောင် ထိတွေ့ဆက်ဆံမှုတွေလုပ်ဘို့လို့ သူတို့ပြောဆိုပါတယ်။ အဲဒါကလည်း အဓိက ကတော့ မြန်မာနိုင်ငံမှာလက်ရှိ အစောပိုင်းကကျင့်သုံးနေတဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒဖြစ်တဲ့ ပိတ်ဆို့အရေးယူရေး နောက်တခုက ဒိုင်ယာလော့ခ်တွေ့ဆုံဆွေးနွေးရေးတွေဟာ သိပ်ပြီးအလုပ်မဖြစ်တဲ့အတွက် နောက်ထပ်အတွေးအခေါ်အယူအဆအသစ်တွေဖြစ်လာဘို့အတွက် ရည်ရွယ်ပါတယ်လို့ပြောပါတယ်။ အဲဒီအမေရိကန်မူဝါဒအသစ်အပြောင်းအလဲတွေနဲ့ပတ်သက်လို့ရော အဲန်ကယ်တို့ ဘယ်လိုအမြင်သဘောထားရှိပါသလဲ။

“ဟုတ်ကဲ့၊ အမေရိကန်အစိုးရကိုယ်စားလှယ်နဲ့ မြန်မာနိုင်ငံအစိုးရကိုယ်စားလှယ်တွေ တွေ့ဆုံဆွေးနွေးတာတွေကတော့ ကောင်းပါတယ်။ အဓိက ဒီမြန်မာနိုင်ငံရဲ့ပြဿနာကိုဖြေရှင်းဘို့ဆိုတာ တကယ့်အာဏာကိုရယူထားတဲ့ အာဏာပိုင်အဖွဲ့အစည်းများနဲ့ ဒီမိုကရေစီအင်အားစုတွေ တွေ့ဆုံဆွေးနွေးပြီးတော့ ဖြေရှင်းမယ်ဆိုရင် ပိုပြီးတော့အကျိုးသက်ရောက်မှုရှိလိမ့်မယ်လို့ ကျနော့အနေနဲ့တော့ ထင်ပါတယ်။

ဒါကြောင့်မို့လို့ အမေရိကန်အစိုးရကိုယ်စားလှယ်များနဲ့ ဆွေးနွေးတာကလည်း ဆွေးနွေးတာ၊ ဘယ်လောက်ဘဲဆွေးနွေး ဆွေးနွေး နိုင်ငံရေးအာဏာကိုရယူထားတဲ့ အာဏာပိုင်များအနေနဲ့ အပြောင်းအလဲလုပ်လိုတဲ့ ပြုပြင်ပြောင်းလဲလိုတဲ့ ဆန္ဒမရှိဘူးဆိုရင်တော့ ဘယ်လောက်လဲဆွေးနွေး ဆွေးနွေး တိုးတက်မှုကို ရှိမယ်လို့ ကျနော်အနေနဲ့မမြင်ဘူးခင်ဗျ။

**RFA** ။ ။ ဟုတ်ကဲ့အဲန်ကယ် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျ။

---

# မြန်မာ့နိုင်ငံရေးအတွက် အာဆီယံနိုင်ငံများက တွန်းအားပေးရန် ဘန်ကီမွန်း ပြော

**DVB၊ စက်တင်ဘာ ၂၇။** ။ မနေ့က နယူးယောက်မှာပြုလုပ်တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေနဲ့ အစည်းအဝေးမှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက မြန်မာပြည်နဲ့ပတ်သက်ပြီး ထည့်သွင်း ပြောကြားသွားပါတယ်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေနဲ့တွေ့တဲ့အချိန်မှာ ဘန်ကီမွန်းက အဓိက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကိစ္စ၊ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကိစ္စတွေမှာ အာဆီယံနဲ့ ကုလသမဂ္ဂ ပိုမိုပူးပေါင်းဆောင်ရွက်ရေးနဲ့ မြန်မာပြည်နိုင်ငံရေးစတဲ့ အချက် ၃ ချက်ကို ပြောကြားသွားပါတယ်။ အဓိက နအဖစစ်အုပ်စုအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးပြီး အားလုံးပါဝင်ကာ အများက ယုံကြည်လက်ခံနိုင်တဲ့ ရွေးကောက်ပွဲကျင်းပဖို့ မြန်မာစစ်အုပ်စုကို အာဆီယံအနေနဲ့ တိုက်တွန်းဖို့ ပြောတာပါ။

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေး အကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့ကိစ္စ၊ စစ်မှန်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးစတင်ပြီး ယုံကြည်ရတဲ့ ရွေးကောက်ပွဲဖြစ်အောင် အခြေအနေတွေဖန်တီးပေးဖို့ကိစ္စဟာ မြန်မာပြည်သားတွေရဲ့အကျိုးစီးပွားဖြစ်သလို အာဆီယံဒေသတခုလုံးရဲ့ အကျိုးစီးပွားလည်း ဖြစ်တယ်လို့ ဘန်ကီမွန်းက ပြောပါတယ်။ ဒီအခြေအနေတွေဟာ မြန်မာပြည်မှာ နိုင်ငံရေးတည်ငြိမ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေးတို့အတွက် အစပျိုးမှုတွေဖြစ်ပြီး စစ်အုပ်စုအနေနဲ့ အသွင်ကူးပြောင်းရေးအတွက် သံန္နိဋ္ဌာန်ချထားတာမှန်ရင် ဒါကို ပြည်သူတွေကို ရှင်းရှင်းလင်းလင်း အသိပေးဖို့အခွင့်အရေးရှိကာ ဒါကို လက်လွှတ်မခံသင့်ဘူးလို့ ဘန်ကီမွန်းက ပြောပါတယ်။

အရင်ပတ်က နိုင်ငံရေးအကျဉ်းသားတချို့ပြန်လွှတ်ပေးလိုက်တဲ့အတွက် သူ့အနေနဲ့ မြန်မာပြည်နဲ့ ပတ်သက်လို့ အရင်လောက် မျှော်လင့်ချက် မမဲ့တော့ဘူး၊ ဒါဟာ မှန်ကန်တဲ့လမ်းကြောင်းဖြစ်တယ်ဆိုတာတွေလည်း ထည့်သွင်းပြောကြားသွားပါတယ်။ ဘန်ကီမွန်းကိုယ်တိုင်က အာဆီယံနိုင်ငံခေါင်းဆောင်တွေကို မြန်မာ့အရေးနဲ့ပတ်သက်လို့ သူကိုယ်တိုင် တိုက်ရိုက်တိုက်တွန်းသွားနဲ့ ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်မြောက်နယ်မြေ နိုင်ငံခြားရေးရာတာဝန်ခံ ကိုညိုအုန်းမြင့်က ပြောပါတယ်။

"အမေရိကန်ပြည်ထောင်စုက ဗမာပြည်နဲ့အဆက်အသွယ် ပြန်လုပ်တာနဲ့ ၂၀၁၀ ဟာ နအဖအတွက် အင်မတန်အရေးကြီးတယ်။ ဘန်ကီမွန်းရဲ့ ပြောကြားချက်က တကယ်လို့ ၂၀၁၀ မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပါဝင်သင့်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ မပါဝင်ခဲ့ရင် အဲဒီရွေးကောက်ပွဲက တရားမဝင်ဘူးဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဘန်ကီမွန်းရဲ့ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး ကြိုးပမ်းမှုက ဒီတခေါက်မှာ အာဆီယံခေါင်းဆောင်တွေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရတဲ့အတွက် နအဖက အတိုးအဆုတ်လုပ်ရတော့မယ်ဆိုတဲ့ အနေအထား တခုကို တဖြည်းဖြည်းရောက်လာနိုင်တယ်လို့ ကျနော်တို့ခန့်မှန်းနိုင်ပါတယ်။"

လောလောဆယ် နိုင်ငံတကာမှာ မြန်မာပြည်နဲ့ ပတ်သက်တဲ့ ချဉ်းကပ်ပုံတွေ ပြောင်းနေပြီး မနေ့တုန်းကပဲ ဒေါ်အောင်ဆန်းစုကြည်က စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်လို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို တွေ့ဆုံဆွေးနွေးဖို့တရားဝင်စာပို့ထားတာရှိတော့ မြန်မာပြည်မှာ တွေ့ဆုံဆွေးနွေးရေးဖြစ်လာဦးမလားဆိုတာကို မြန်မာ့အရေး သုံးသပ်သူ ကိုအောင်နိုင်ဦး ကပြောပါတယ်။

"တွေ့ဆုံဆွေးနွေးရေးက ပါးစပ်နဲ့ပြောနေလို့ မရဘူး။ ဒေါ်အောင်ဆန်းစုကြည် စာထဲမှာရေးထားတဲ့အချက်က မှန်ကန်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က စီးပွားရေးပိတ်ဆို့မှုတွေကို တောင်းဆိုထားတယ်ဆိုပေမယ့် တောင်းဆိုမှုတွေ ပယ်ဖျက်ဖို့ဆိုရင် အနောက်နိုင်ငံတွေမှာ တာဝန်ရှိတယ်။ အနောက်နိုင်ငံတွေမှာ ဒီကိစ္စတွေပယ်ဖျက်ဖို့ကျတော့ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ဆက်နွယ်နေတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုတော့ စစ်အုပ်စုဘက်က တော်တော်နဲ့ ရပ်တန့်မယ့် အနေအထားမျိုးမရှိဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ အများကြီးလွှတ်ပေးဖို့ဆိုတာ လောလောဆယ် မမြင်သေးတဲ့ ကိစ္စဖြစ်တယ်။ ဒီကိစ္စတွေ မပြေလည်မချင်း တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ဆိုတာ သိပ်မလွယ်ဘူး။ သို့သော် စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည် ပြောလာတဲ့ အပေါ်မှာ စဉ်းစားကောင်းစဉ်းစားပြီး တုံ့ပြန်ကောင်း တုံ့ပြန်မယ်လို့ ထင်တယ်။"

# အဖွဲ့ချုပ် သာစည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်တဦး ကွယ်လွန်

**DVB၊ စက်တင်ဘာ ၂၈။** ။ မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦး မနေ့က ကွယ်လွန်သွားပါတယ်။

သာစည်မြို့နယ် အမှတ် ၂ မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လေးဟာ မနေ့က မွန်းလွဲ ၁ နာရီမှာ သူနေထိုင်ရာ သာစည်နေအိမ်မှာ ကွယ်လွန်သွားတာပါ။ ဦးမောင်မောင်လေးဟာ လည်ချောင်းကင်ဆာရောဂါနဲ့ကွယ်လွန်သွားတာလို့ သူ့ရဲ့သားဖြစ်သူ ကိုကျော်ကျော်က ပြောပါတယ်။

"ဈာပန အခမ်းအနားကို သာစည်နေအိမ်မှာ ပြုလုပ်ပြီး သာစည် သင်္ချိုင်းမှာ ဒီနေ့ ညနေ ၃ နာရီက မီးသဂြိုဟ်ခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာ အသက် ၆၂ နှစ်ရှိပြီး ဇနီး ဒေါ်နုနုနဲ့ သားသမီး ၃ ယောက် ကျန်ရစ်ခဲ့ပါတယ်။ ဦးမောင်မောင်လေးဟာ မန္တလေးတက္ကသိုလ်မှာ ပထဝီဘာသာရပ်နဲ့ဘွဲ့ရခဲ့ပြီး သမဝါယမဦးစီးဌာနမှာ စာရင်းစစ်မှူးလုပ်ခဲ့ပါတယ်။ ၈ လေးလုံး အရေးတော်ပုံကာလမှာ သပိတ်ကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းကတည်းက သာစည်မြို့နယ် အတွင်းရေးမှူးတာဝန်ယူခဲ့ပါတယ်။"

"၁၉၉၀ ပြည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးအဖြစ် ရွေးကောက်ခံရပြီး မြို့နယ်အတွင်းရေးမှူးတာဝန်ကိုပါ ကွယ်လွန်ချိန်အထိ ထမ်းဆောင်ခဲ့ပါတယ်။ ဦးမောင်မောင်လေးဟာ ၁၉၉၁ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရတုန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ဖြန့်ဝေခဲ့ပြီးတဲ့နောက် သူ့ကို လုံခြုံရေးအက်ဥပဒေ ပုဒ်မ ၅–ညနဲ့ တရားစွဲခံရပြီး ထောင် ၂ နှစ် ကျခံခဲ့ရပါတယ်။ ၁၉၉၇ ဇူလိုင်မှာလည်း အလားတူပုဒ်မနဲ့ ဝမ်းတွင်းမြို့နယ်က ရိပ်သာတခုမှာ ၂ နှစ် နေခဲ့ရဖူးပါတယ်။"

ဦးမောင်မောင်လေးဟာ အဖွဲ့ချုပ်တာဝန်ထမ်းဆောင်တဲ့ ကာလတလျှောက်လုံး ဒီမိုကရေစီရရှိရေးအတွက် တက်တက်ကြွကြွတာဝန်ထမ်းခဲ့တယ်လို့ လုပ်ဖော်ကိုင်ဘက်တဦးဖြစ်တဲ့ အဖွဲ့ချုပ် မိတ္ထီလာမြို့နယ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"မိတ္ထီလာခရိုင် စည်းရုံးရေး လှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွနဲ့လုပ်တယ်။ ၂၀၀၈ အခြေခံဥပဒေအတည်ပြုရေးကိစ္စ၊ မဲကိစ္စမှာ ရွာတွေကို တလလောက် နေပူစပ်ခါးဆင်းပြီး ကျန်းမာရေးတော်တော် ချို့တဲ့သွားတာပဲ။"

မြန်မာ့ဒီမိုကရေစီရေးအတွက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သူတဦး ကွယ်လွန်သွားတာနဲ့ ပတ်သက်ပြီး ဒေါ်မြင့်မြင့်အေးက ဂုဏ်ပြုပြောဆိုပါတယ်။

"ဒီမိုကရေစီရေးကို နှစ် ၂၀ လုပ်ခဲ့ပြီး ဒီမိုကရေစီရဲ့ အနှစ်သာရကို မမြင်ရဘဲ ဆုံးပါးသွားတဲ့အတွက် ကျမတို့ အင်မတန် ဝမ်းနည်းပါတယ်၊ ဒီမိုကရေစီပန်းတိုင်မရောက်ခင် ကြွေလွင့်သွားတဲ့ ဒီမိုကရေစီ သူရဲကောင်းတွေအမြောက်အများအတွက်လည်း ကျမတို့ဦးညွတ်ဂုဏ်ပြုပါတယ်။"

အသက်ရှင်နေသမျှ ကာလပတ်လုံး လူထုနဲ့အတူလက်တွဲပြီး ဒီမိုကရေစီပန်းတိုင်ရောက်အောင် ဆောင်ရွက်သွားမယ်လို့ ကတိပြုတယ်လို့လည်း ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

**စက်တင်ဘာ ၂၈ ၊ DVB** ။ ။ သာစည်မြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးမောင်မောင်လေး (၆၂နှစ်) ယမန်နေ့က ကင်ဆာရောဂါဖြင့်နေအိမ်တွင်ကွယ်လွန်ကြောင်း။

**စက်တင်ဘာ ၂၈ ၊ DVB** ။ ။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်သန်းရွှေအကြား စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းရေးညှိနှိုင်းဆွေးနွေးရန် ထိုမှတဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးရန် ၈၈ မျိုးဆက်အဖွဲ့ မှ မေတ္တာရပ်ကြောင်း ၈၈ ကျောင်းသားခေါင်းဆောင်ကို စိုးခထွန်းမှဆို၏။

**စက်တင်ဘာ ၂၉ ၊ NY-DVB** ။ ။ ကုလသမဂ္ဂအထွေထွေညီလာခံလာတက်သူ နအဖဝန်ကြီးချုပ်ဦးဉာဏ်ဝင်းသည် မြန်မာဆန္ဒပြသူအချို့၏ ကြက်ဥ၊ ကော်ဖီ၊ ဖိနပ် ဖြင့်ပေါက်ခြင်းခံရကြောင်း၊ ဝန်ကြီးချုပ်သိန်းစိန်သည် နောက်မှရောက်လာပြီး ကားပြန်လှည့်မောင်းပြေးသွားကြောင်း။

**စက်တင်ဘာ ၂၉ ၊ DVB** ။ ။ ပဲခူးတိုင်းညောင်လေးပင်မြို့နယ်ဘက်တွင် နေကြာအတင်းဝယ်ခိုင်း၊ စိုက်ခိုင်းနေကြောင်း။

**စက်တင်ဘာ ၂၉ ၊ DVB** ။ ။ နအဖ နှင့် တိုက်ရိုက်ဆွေးနွေးမည်ဟု အမေရိကန်မှ အတည်ပြု၏။

**စက်တင်ဘာ ၂၉ ၊ DVB** ။ ။ ကိုးကန့်တွင် တရုတ်နိုင်ငံသားများ မောင်းထုတ်ခံနေရ၍ တရုပ်မှစိုးရိမ်နေကြောင်း။

**စက်တင်ဘာ ၃၀ ၊ AP** ။ ။ အိုဘာမား အစိုးရသည် မြန်မာအပေါ် ဆွေးနွေးခြင်းမူသုံးခြင်းသည် ပိတ်ဆို့မှု Sanction များအစားထိုးခြင်းမဟုတ် ဆက်ရှိနေမည်ဟု ဆို၏။

**စက်တင်ဘာ ၃၀ ၊ Bloomberg** ။ ။ တိုက်ရိုက်ဆွေးနွေးခြင်းဖြင့် နအဖ ၏ရည်ရွယ်ချက်ကို စိစစ်နိုင်မည်၊ ပိတ်ပင်မှုများဆက်လက်သက်ဝင်နေပြီး ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပေါ်တည်မည်ဟု အမေရိကန်၏ အရှေ့အာရှရေးရာလက်ထောက်အရာရှိ Kurt Campbell မှ လွှတ်တော်တွင် မြန်မာအပေါ်အမေရိကန်၏ဆက်ဆံရေးမူ စပြောင်းမည့်နေ့တွင်ဆို၏။

**စက်တင်ဘာ ၃၀ ၊ Refugees Intl** ။ ။ မြန်မာနှင့်ဆွေးနွေးရန် အမေရိကန်မူသစ်နှင့် အထူးသဖြင့် မြန်မာအပေါ်လူသားခြင်းစာနာကူညီမှုကို ထောက်ခံကြောင်း။

**အောက်တိုဘာ ၁ ၊ Irrawaddy** ။ ။ မြန်မာ–အမေရိကန်ဆက်ဆံရေးသည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတိုးတက်မှုပေါ်တည်၏။ မတိုးတက်က ပိတ်ပင်မှုများ ပျောက်သွားမည်မဟုတ်ဟု အမေရိန်အရာရှိမှဆို၏။

**အောက်တိုဘာ ၁ ၊ DVB** ။ ။ အမေရိကန်နိုင်ငံသား ကျော်ဇော်လွင် (ခ) ညီညီအောင်အား ယနေ့ရုံးမထုတ်ဖြစ်၊ ရှေ့၂ ပတ်ချိန်းကြောင်း အမှုရက်ချိန်းကို သံရုံးမှသိရသူ မိသားစုမှဆို၏။

**အောက်တိုဘာ ၁ ၊ Bernama** ။ ။ မြန်မာ့ဗဟိုဘဏ်သည် ကျပ်ငွေ ၅ ထောင်တန်များစထုတ်ဝေ၏။

**အောက်တိုဘာ ၁ ၊ DVB** ။ ။ ကျောက်ပန်းတောင်းမှ ကိုရဲခေါင်၊ ကိုလတ် စသည်တို့ကို စရဖ အာဏာပိုင်များမှ အဘယ်ကြောင့်ဖမ်းဆီးခဲ့သည်မသိကြောင်း ဒေသခံများမှဆို၏။

**အောက်တိုဘာ ၁ ၊ DVB** ။ ။ ကေအိုင်အို ဒုဥက္ကဌနှင့် ၁၀ ဦးအဖွဲ့ နအဖ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အဖွဲ့ နှင့်ယမန်နေ့က မြစ်ကြီးနားတွေ့ဆုံခဲ့ကြောင်း ကေအိုင်အိုအရာရှိတဦးမှဆို၏။

**အောက်တိုဘာ ၂ ၊ RGN** ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ အမှုအယူခံရုံးမှ ပယ်ချလိုက်၍ တရားရုံးချုပ်သို့အယူခံမည်ဟု သူမ၏ရှေ့နေ ဦးဉာဏ်ဝင်းမှဆိုကြောင်း။

**အောက်တိုဘာ ၂ ၊ RGN** ။ ။ ပထမအကြိမ်နေပြည်တော်တွင်ပြုလုပ်သော စက်တင်ဘာလ ပုလဲလေလံပွဲတွင် စံချိန်ကျပ် ၇၉၈ သန်း (ဒေါ်လာ ၇၆၀၀၀၀) ဘိုးရောင်းခဲ့ရကြောင်း။

**အောက်တိုဘာ ၂ ၊ GENEVA** ။ ။ တရုတ်၊ အိန္ဒိယနှင့်ရုရှားအပါအဝင် နအဖ ၏ မိတ်ဆွေနိုင်ငံများသည် ကမ္ဘာ့နိုင်ငံများနှင့် ပူးတွဲ၍ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန်စုပေါင်းတိုက်တွန်း၏။ ၄၇ နိုင်ငံ ကုလလူ့အခွင့်အရေးကောင်စီသည် ကန့်ကွက်မဲမရှိ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးတောင်းဆိုရန် ဆုံးဖြတ်ချက်ချမှတ်၏။

**အောက်တိုဘာ ၂ ၊ ANI-ND** ။ ။ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးနှင့် မြန်မာအပေါ်သဘောထား ပြောင်းလဲရန် အိန္ဒိယနှင့် ကမ္ဘာ့အဖွဲ့ ၅၈ ဖွဲ့ ကိုယ်စား Burma Center Delhi မှ စိုနီယာဂန္ဒီသို့ စာပို့မေတ္တာရပ်၏။

**အောက်တိုဘာ ၂ ၊ Baltimore Sun** ။ ။ အမေရိကန်နိုင်ငံသားခံယူထားသူ ကိုကျော်ဇောလွင် (ခ) ညီညီအောင် (၄၀နှစ်) သည် ဒီမိုကရေစီလှုပ်ရှားမှုကြောင့် မြန်မာတွင်ဖမ်းချုပ်ခံနေရကာ သူ့လိုလူမျိုးလွှတ်မြောက်ရေးကို ကုလနှင့်အမေရိကန်တို့မှ ကျိုးပမ်းသင့်ကြောင်း HRW မှ ဆို၏။

**အောက်တိုဘာ ၂ ၊ Irrawaddy** ။ ။ နအဖ လက်ကိုင်တုတ်သူဌေးတေဇပိုင် ထူးကုမ္ပဏီ (အမေရိကအမဲစာရင်းဝင်)နှင့် ပြည်ထောင်စုမြန်မာစီးပွားရေးပိုင်ဆိုင်မှု (UMEH) တို့သည် တိုယိုတာကော်ရိုလာ မတ်၂ ကား ၁၀၀၀ စီးသွင်းယူမှုတွင် တေဇမှ ကားပိုသွင်းခွင့်ရကာ ပြိုင်ဆိုင်တင်းမာမှု ဖြစ်နေကြောင်း။

**အောက်တိုဘာ ၂ ၊ Irrawaddy** ။ ။ အောက်တိုဘာ ၃ မတိုင်မီ နအဖ မှ မတောင်းပန်လျှင် သပိတ်မှောက်မှုများပြန်စမည်ဟု **ABMA** စသည့်သံဃာ့အဖွဲ့များမှ တောင်းဆိုထားခြင်း၊ ၅၀၀၀ တန်ငွေစက္ကူသစ်ထွက်ခြင်း၊ စသည့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကြောင့် ရန်ကုန်တွင် အစောင့်အကျပ်တဖန်တင်းကျပ်ထားကြောင်း။

**အောက်တိုဘာ ၂ ၊ Irrawaddy** ။ ။ ကျပ် ၅၀၀၀ တန်ငွေစက္ကူစထုတ်သည့်ယနေ့တွင် ဈေးမကစားရန် နအဖ မှ သတိပေးထား၍ ရွှေကုန်သည်များ အရောင်းအဝယ်ဆိုင်းခဲ့ကြောင်း။

**အောက်တိုဘာ ၂ ၊ Mizzima** ။ ။ အောင်ကျော်ဇော (ခ) ညီညီအောင်လွှတ်မြောက်ရေးအတွက် အမေရိကန်သည် ဦးကြည်ဝင်းနှင့်ဆက်သွယ်ခဲ့ကြောင်း။ မိမိအား ဖမ်းထားသူများမှ ဥပဒေဘောင်ကျော် ကြမ်းတမ်းစွာကိုင်တွယ်ခံခဲ့ရကြောင်း။

**အောက်တိုဘာ ၂ ၊ DVB** ။ ။ အမေရိကန်၏ မြန်မာ နအဖ နှင့် ဆွေးနွေးမှုသည် တိကျသည့် အချိန်ဇယား၊ နားလည်လက်ခံနိုင်ဖွယ်ရလဒ်များနှင့် ထိန်းချုပ်ထားရန်လိုကြောင်း ချူးယောက်အခြေစိုက် သံဃာ့အဖွဲ့ IBMO အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းများအသင်းမှ မြန်မာနှင့်တိုက်ရိုက်ဆွေးနွေးမှုကို ကြိုဆိုကာ အမေရိကန်အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ ဆပ်ကော်မတီသို့ ပေးစာတွင်ဆို၏။

**အောက်တိုဘာ ၂ ၊ DVB** ။ ။ ထိုင်းနှင့်မလေးရှားသာ ဂျနီဗာစာချုပ် သဘောတူလက်မှတ်ထိုးနိုင်ငံများဖြစ်လာပါက အိမ်နီးချင်းနိုင်ငံများတွင် အနိုင်ကျင့်ခံ၊ သက်ဦးဆံပိုင်ကျေးကျွန်သဖွယ်အထိ ဖိနှိပ်ရိုက်နှက် သတ်ဖြတ် အဓမ္မပြုခံနေရသူ မြန်မာတိုင်းရင်းသားများ အထူးသဖြင့် အမျိုးသမီးများစွာ သက်သာရာရမည်ဟု သုတေသီ Karen Zusman မှဆို၏။

**စာမျက်နှာ ၁၂ သို့**

# နအဖနှင့် တိုက်ရိုက်ဆွေးနွေးမည်ဟု အမေရိကန်အစိုးရ အတည်ပြု

**DVB၊ စက်တင်ဘာ ၂၉။** ။ စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းမှု မလုပ်သေးပေမယ့် နအဖစစ်အုပ်စုနဲ့ တိုက်ရိုက်ဆွေးနွေးမှု စတင်လုပ်ဆောင်တော့မှာဖြစ်ကြောင်း အမေရိကန်အစိုးရက ဒီနေ့ အတည်ပြုပြောဆိုလိုက်ပါတယ်။

အမေရိကန်အစိုးရရဲ့ အာရှဒေသဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ် ကမ့်ဘဲလ်က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့မှာ ပြောဆိုလိုက်တာပါ။

“မြန်မာခေါင်းဆောင်ပိုင်းက အမေရိကန်နဲ့ ဆွေးနွေးချင်ကြောင်း ပထမဆုံးအကြိမ်အဖြစ် စိတ်ဝင်စားမှုပြသလာတာကို ကျနော်တို့ တွေ့ရပါတယ်။ ဒီ စိတ်ဝင်စားမှုအပေါ်မူတည်ပြီး မြန်မာအာဏာပိုင်တွေနဲ့ တိုက်ရိုက်ထိတွေ့ဆွေးနွေးပြီး ဆက်ဆံရေး ပိုကောင်းလာအောင်လုပ်ဖို့ ကျနော်တို့စိတ်ဝင်စားပါတယ်” လို့ ကမ့်ဘဲလ်က ပြောပါတယ်။ ခုလိုပြောပေမယ့် စီးပွားရေးပိတ်ဆို့မှုကို ချက်ချင်းရုပ်သိမ်းမှာမဟုတ်သလို ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး တောင်းဆိုမှုကိုလည်း ဆက်လုပ်သွားမယ်လို့ဆိုပါတယ်။

“သိသာထင်ရှားတဲ့ တိုးတက်မှု မမြင်ရမချင်း စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းဖို့မရှိသေးဘူး” လို့ ကမ့်ဘဲလ်က ပြောပါတယ်။ ဒါဟာ အိုဘားမားအစိုးရသစ်ရဲ့ ချဉ်းကပ်မှုအသစ်ဖြစ်ပြီး ပြီးခဲ့တဲ့လက အိုဘားမားနဲ့ နီးစပ်သူ အမေရိကန်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ် နေပြည်တော်ကိုသွားပြီး နအဖ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံပြီးနောက် အခုလိုပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတာလို့ သတင်းထောက်တွေက ပြောပါတယ်။ ဂျင်မ်ဝက်ဘ် ကိုယ်တိုင်ကလည်း စီးပွားရေးပိတ်ဆို့မှုကို ဆန့်ကျင်ကြောင်း ပြောထားပြီး နအဖနဲ့ တိုက်ရိုက်ဆွေးနွေးဖို့ တိုက်တွန်းထားကာ သူကိုယ်တိုင်လည်း ဒီနေ့ နယူးယောက်ကို ရောက်ရှိနေပြီး နအဖ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ထားတယ်လို့ တရားဝင်ကြေညာထားပါတယ်။

ဝါရှင်တန်မှာ တိုးတက်ပြောင်းလဲမှုတွေ ဖြစ်နေချိန်မှာ နယူးယောက်မြို့ကုလသမဂ္ဂအထွေထွေညီလာခံမှာတော့ နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်တိုင် မိန့်ခွန်းပြောနေပါတယ်။ ၁၄ နှစ် ကာလအတွင်း နအဖဝန်ကြီးချုပ်တဦးရဲ့ ပထမဆုံးမိန့်ခွန်းဖြစ်ပြီး စီးပွားရေးပိတ်ဆို့မှုကို အမြန်ဆုံးရုပ်သိမ်းပေးဖို့ တောင်းဆိုသွားပါတယ်။ စီးပွားရေးပိတ်ဆို့မှု လုပ်တာဟာ ဆင်ခြင်မှုမဲ့တဲ့ လုပ်ရပ်ဖြစ်ပြီး လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ တိုးတက်လာစေရေးအတွက် စီးပွားရေးပိတ်ဆို့မှုကိုလက်နက်တခုအဖြစ် အသုံးပြုတယ်ဆိုတာ တရားဝင်မှုမရှိတဲ့ လုပ်ရပ်ဖြစ်တယ်လို့ နအဖဝန်ကြီးချုပ်က ဝေဖန်သွားပါတယ်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် နအဖအစိုးရက လုပ်ဆောင်နေကြောင်း၊ ကျဉ်းမြောင်းစွာ လုပ်နေတာမဟုတ်ဘဲ အမျိုးသားတရပ်လုံးအတွက် လုပ်နေတာဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံသားတိုင်းက အစိုးရနဲ့ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ ချန်မနေဘဲ အားလုံးပါဝင် ပူးပေါင်းဖို့လိုကြောင်း ဗိုလ်ချုပ်ကြီးသိန်းစိန်က တိုက်တွန်းသွားပါတယ်။ နအဖဝန်ကြီးချုပ်က အခုလိုတိုက်တွန်းသွားပေမယ့် နယူးယောက်ရှိ ဒီမိုကရေစီအင်အားစုတွေက သူ့ရဲ့ ကမ်းလှမ်းချက်ကို လက်မခံတဲ့အပြင် သူ့ကိုဖိနပ်နဲ့ပေါက်ပြီး ဆန္ဒပြတဲ့အထိ ပြင်းပြင်းထန်ထန်ကန့်ကွက် နေကြတယ်လို့ ဆန္ဒပြပွဲမှာ ကိုယ်တိုင်ပါဝင်တဲ့ ကိုနေတင်မြင့်က ပြောပါတယ်။

“ပထမဆုံး ၇ နာရီ ၁၅ လောက်မှာ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ထွက်လာတယ်။ ထွက်လာတော့ ကျနော်တို့က ကားကို ဝိုင်းပိတ်ပြီး ဖိနပ်နဲ့ ပေါက်တယ်။ ကော်ဖီရည်တွေနဲ့ ပက်တယ်။ ကြက်ဥနဲ့ ပေါက်တယ်။ သိန်းစိန်က ၈ နာရီ ၅၀ လောက်မှာထွက်တယ်။ အစောင့်အရှောက်တွေ၊ ရဲတွေနဲ့ ပိတ်ပြီး၊ လမ်းကို ပြောင်းပြန်မောင်းပြီး ညီလာခံသွားတာတယ်။ မနက်ပိုင်းမှာ ဒီမိုကရေစီအင်အားစုတွေက နအဖဝန်ကြီးချုပ် ကားကို ဆန္ဒပြရာမှာ ဆန္ဒပြသူတွေ ထဲက တယောက်ကို ရဲက ဖမ်းသွားပေမယ့် ပြန်လွှတ်ပေးလိုက်ပြီး နောက်တခါဆို ဖမ်းဆီးအရေးယူမယ်လို့ဆိုပါတယ်။ ဖိနပ်နဲ့ ပေါက်၊ ကြက်ဥတွေနဲ့ ပေါက်၊ ကော်ဖီရည်တွေနဲ့ ပက်တာဟာ နအဖဝန်ကြီးချုပ်ကို နာကျင်စေလိုတဲ့ စိတ်မျိုးနဲ့ လုပ်တာမဟုတ်ဘဲ ဂုဏ်သိက္ခာကို ထိခိုက်အောင်လုပ်ခြင်းသာဖြစ်တယ်လို့ ကိုနေတင်မြင့်က ပြောပါတယ်။

“သူတို့ဟာ လူ့အခွင့်အရေးကို ချိုးဖောက်တဲ့သူတွေ၊ လူသတ်သမားတွေ ဖြစ်တယ်။ ဒါကို အထွေထွေညီလာခံမှာ လာပြီး လိမ်ညာနေတဲ့အတွက် အဲဒါကို မဟုတ်မမှန်ကြောင်း ကမ္ဘာ့နိုင်ငံ အသီးသီးကို သက်သေပြခြင်းဖြစ်ပါတယ်။”

# အဖွဲ့ချုပ် တောင်းဆိုချက်ကို ထောက်ခံ

**DVB၊ စက်တင်ဘာ ၂၈။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေးနဲ့ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ပေးရေးတောင်းဆိုချက် တွေဟာ တိုင်းပြည်နဲ့ လူမျိုးအကျိုးကို ရှေးရှုတဲ့အတွက် အပြည့်အဝထောက်ခံကြောင်း အမေရိကန်ပြည်ထောင်စုအခြေစိုက် အာဏာရှင်စနစ်ဆန့်ကျင်ရေးလူထုလွှတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့က ပြောကြားလိုက်ပါတယ်။

မနေ့က ဝါရှင်တန်မြို့ရှိ နအဖစစ်သံရုံးရှေ့မှာ ပြုလုပ်တဲ့ဆန္ဒပြပွဲမှာ ဦးဆောင်လှုပ်ရှားသူ ကိုရွှေစင်ထွန်းက ထောက်ခံကြောင်း ပြောကြားလိုက်တာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုထားတဲ့နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေးနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အကြောင်းအရာတွေဟာ တိုင်းပြည်အကောင်းဘက်ကို ပြောင်းလဲဖို့နဲ့ အနာဂတ်မျိုးဆက်တွေအတွက်အာမခံချက်ပေးနိုင်တဲ့ အကြောင်းအရာတွေဖြစ်လို့ ဆန္ဒပြသူတွေအနေနဲ့ ရော ပြည်တွင်း ပြည်ပအဖွဲ့ပေါင်း ၁၀၀ ကျော် အနေနဲ့ပါ အခိုင်အမာထောက်ခံတယ်လို့ ကိုရွှေစင်ထွန်းက ပြောပါတယ်။ နအဖအနေနဲ့ ပြည်သူလူထုရဲ့ လိုလားချက်၊ တောင်းဆိုချက်တွေကို လျစ်လျူရှုပြီး လုပ်ဆောင်မယ်ဆိုရင် တိုင်းပြည်မှာ ထိပ်တိုက်ရင်ဆိုင်မှုတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပြီး အမျိုးသားလွှတ်မြောက်ရေးလှုပ်ရှားမှုကို အောင်မြင်တဲ့အထိ လုပ်ဆောင်သွားမယ်လို့လည်းဆိုပါတယ်။

နအဖ က ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်မယ်လို့သာ ပြောကြားထားတာဖြစ်ပြီး ရွေးကောက်ပွဲကို ဘယ်နေ့၊ ဘယ်အချိန်မှာလုပ်မယ်၊ ရွေးကောက်ပွဲကော်မရှင်ကို ဘယ်တော့ဖွဲ့စည်းမယ်၊ ရွေးကောက်ပွဲ ဘယ်လိုကျင်းပမယ်ဆိုတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ပတ်သက်တာတွေ လုပ်ဆောင်တာမရှိသေးဘဲနဲ့ ၂၀၁၀ ရွေးကောက်ပွဲတခုတည်းကသာ တိုင်းပြည်ရဲ့ထွက်ပေါက်ဖြစ်သလိုမျိုး ဖန်တီးနေတဲ့ အသွင်ဆောင်တယ်လို့ ကိုရွှေစင်ထွန်းက ပြောပါတယ်။ အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလွှတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ဟာ ဝါရှင်တန်မြို့က နအဖသံရုံးရှေ့မှာ အပတ်စဉ်ဆန္ဒပြပွဲ ပြုလုပ်လာတာ အကြိမ်ပေါင်း ၃၈၉ ကြိမ် ရှိသွားပြီဖြစ်ပါတယ်။

# ရဲချုပ်ခင်ရီကို ဖမ်းဆီးချုပ်နှောင်ထား

**DVB၊ စက်တင်ဘာ ၂၈။** ။ အတည်ပြုချက်မရသေးတဲ့ နအဖအတွင်း အဖမ်းအဆီး သတင်းတပုဒ်မှာ ရဲချုပ်ခင်ရီကို နေပြည်တော်မှာ ဖမ်းဆီးထားလိုက်ပြီလို့ သတင်းတွေ ထွက်နေပါတယ်။

ဒါဟာ မကြာသေးခင်က ဖြစ်ပွားခဲ့တဲ့ ရဲမှူးတွေအဖမ်းခံရမှုနဲ့ ဆက်စပ်နေပြီး အဲဒီ အဖမ်းအဆီးခံ ရဲမှူးတွေထဲက ရန်ကုန်တိုင်း ရဲမှူးဝင်းနိုင် နယ်စပ်ဒေသဆီ ထွက်ပြေးလွတ်မြောက်သွားမှုကြောင့် ဖြစ်တယ်လို့ ထိုင်းနဲ့ တရုတ်နယ်စပ်ရှိ စစ်ဘက် သတင်းရပ်ကွက်တွေက ပြောပါတယ်။ ဝင်းနိုင်အပါအဝင် ရန်ကုန်တိုင်းက ရဲမှူးတွေကို ဖမ်းဆီးစစ်ဆေးစဉ်အတွင်း ရဲချုပ်ခင်ရီနဲ့ ပတ်သက်တဲ့ အချက်တွေကို ဝင်းနိုင်က ဖြောင့်ချက်ပေးခဲ့တယ်လို့ဆိုပါတယ်။

ဒါကြောင့် ဝင်းနိုင်ကို အကျဉ်းထောင်ကနေ အကျယ်ချုပ်နဲ့ပြောင်းပြီး ချထားစဉ် ရဲမှူးဝင်းနိုင် ထွက်ပြေးလွတ်မြောက်သွားတယ်လို့ သိရပါတယ်။ အကျယ်ချုပ်ချထားတဲ့ ရဲမှူး အခုလိုလွတ်သွားတာဟာ ရဲချုပ်ခင်ရီရဲ့ အကူညီမရရင် မဖြစ်နိုင်ဘူး၊ အနည်းဆုံး ဒီကိစ္စကို သူသိရမယ်ဆိုပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရဲချုပ်ခင်ရီကို ဖမ်းဖို့အမိန့်ပေးတာလို့ဆိုပါတယ်၊ ဒီသတင်းနဲ့ပတ်သက်ပြီး သီးခြားအတည်ပြုချက် မရနိုင်သေးသလို နအဖဘက်ကလည်း ဘာမှထုတ်ဖော် ပြောဆိုခြင်းမရှိသေးတဲ့အတွက် ဆက်လက်စုံစမ်းနေဆဲ ဖြစ်ပါတယ်။




# သတင်းတိုထွာဖတ်စရာက

ကျော်စိုးကွေး

## နယ်စပ်အေးချမ်းတည်ငြိမ်သွားပါပြီ

ဩဂုတ်လအတွင်းက မြန်မာ–တရုတ်နယ်စပ်အနီးမှာ ကိုးကန့်တွေကို တိုက်ခိုက်ခဲ့လို့ မတည်မငြိမ်ဖြစ်ခဲ့တဲ့နယ်စပ်အခြေအနေတွေဟာ အခုအခါပြန်လည်တည်ငြိမ်နေပါပြီလို့ နအဖကပြောပါတယ်။ တရုတ်နိုင်ငံဆိုင်ရာ နအဖ သံအမတ်ဦးသိန်းလွင်က အဲဒီအဖြစ်အပျက်မှာ တရုတ်လူမျိုး ၂ ဦး သေဆုံးခဲ့ရတဲ့အတွက် အလွန်ဝမ်းနည်းမိပါတယ်လို့ ဆိုပါတယ်။ အခုအခါ တရားဝင် တရုတ်စီးပွားရေးလုပ်ငန်းတွေ အားလုံးပြန်လည်လုပ်ကိုင်နေပါပြီလို့လည်း ပြောပါတယ်။ **(REUTERS, 29.9.2009)**

## လျော်ကြေး

ကိုးကန့်တွေကို နအဖက တိုက်ခိုက်ခဲ့တဲ့ ဩဂုတ်လကုန်ပိုင်းက အဖြစ်အပျက်မှာ ပျက်စီးဆုံးရှုံးခဲ့ရတာတွေအတွက် လျော်ကြေးပေးဖို့ တရုတ်–မြန်မာနယ်စပ်အနီးရှိ လင်ကန်ဒေသမှ တရုတ်ဒေသန္တရအာဏာပိုင်တဦးက လျော်ကြေးဒေါ်လာ ၄၁ သန်းပေးရန် တောင်းဆိုလိုက်ပြီး နအဖဘက်က အပျက်အစီးစာရင်းအသေးစိတ်ကိုပေးဖို့နဲ့ တရားဝင်လုပ်ကိုင်တဲ့ တရုတ်စီးပွားရေးလုပ်ငန်းတွေကိုလျော်ကြေးပေးမယ်လို့ ဆိုပါတယ်။ **(IRRAWADDY, 1.10.2009)**

## အမျိုးသမီးသတင်းထောက်များ

မြန်မာနိုင်ငံတွင်းမှာရှိတဲ့ ဒီဗွီဘီသတင်းထောက် ၈၀ မှာ ၁၁ ဦးဟာ အမျိုးသမီးတွေဖြစ်တယ်လို့ သိရပါတယ်။ အဲဒီသတင်းထောက်တွေဟာ မြန်မာပြည်တွင်းက အခြေအနေတွေကို အများသိအောင်ထုတ်ဖော်ပြသနေကြပါတယ်။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမှအစ ၂၀၀၈ နာဂစ်မုန်တိုင်းအလယ် လက်ရှိပြည်သူတွေရဲ့ဘဝအခြေအနေတွေအထိ ကျွမ်းကျင်လိမ္မာစွာနဲ့ မှတ်တမ်းရယူကာ ကမ္ဘာကသိအောင်လုပ်ဆောင်ပေးနေကြပါတယ်။ **(WOMEN FEATURE SERVICE, 1.10.2009)**

## တောင်အာဖရိကထံလေ့လာပါ

တောင်အာဖရိကနိုင်ငံဆိုင်ရာ မြန်မာသံအမတ်အဖြစ်ခန့်အပ်ခံရတဲ့ ဦးတင်ဦးလွင်ဟာ သမတ ဂျက်ကော့ ဇူးမားထံ သံအမတ်ခန့်အပ်လွှာပေးအပ်တုန်းက တောင်အာဖရိကသမတက နအဖသံအမတ်ကို တောင်အာဖရိကနဲ့မြန်မာတို့ရဲ့ နိုင်ငံရေးပြဿနာတွေဟာ ဆင်တူရိုးမှားဖြစ်တာကြောင့် ဒါတွေကို ဖြေရှင်းခဲ့တာတွေကို မြန်မာနိုင်ငံက လေ့လာပါလို့ပြောဆိုခဲ့တယ်လို့ သိရပါတယ်။ **(NEWS 24, 1.10.2009)**

## ဒုက္ခသည်ရုပ်ရှင်ပွဲတော်

အောက်တိုဘာ ၁ ရက်နေ့ကနေ ၈ ရက်နေ့အထိ ဒုက္ခသည်ရုပ်ရှင်ပွဲတော်ကို တိုကျိုမှာ ကုလသမဂ္ဂဒုက္ခသည်မဟာမင်းကြီးရုံးကနေ ဦးစီးကျင်းပပါတယ်။ ဒိန်းမတ်နိုင်ငံက ရုပ်ရှင်ဒါရိုက်တာတဦးက မြန်မာနိုင်ငံထဲက စာနယ်ဇင်းသမားတွေကို တွေ့ဆုံမေးမြန်းထားတာတွေ၊ ထိုင်း–မြန်မာနယ်စပ်က ဒုက္ခသည်တွေရဲ့အခြေအနေတွေကိုရိုက်ကူးထားတာတွေကို တင်ပြထားတယ်လို့ သိရပါတယ်။ **(JAPAN TODAY, 29.9.2009)**

## နအဖနဲ့ တစိတ်တဒေသပေါင်းမယ့်ကေအိုင်အို

နအဖရဲ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်းကို ကေအိုင်အိုရဲ့ ကိုယ်စားလှယ်တဦးက ကေအိုင်အိုရဲ့တပ်ဖွဲ့တချို့ကို နအဖအဆိုပြုထားတဲ့ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ်ပြောင်းလဲမယ်လို့ဆိုလိုက်ပြီး၊ စိုက်ပျိုးရေး၊ သစ်တော၊ ပညာရေး၊ ကျန်းမာရေးကိစ္စတွေမှာ နအဖနဲ့ကေအိုင်အို ပူးပေါင်းဆောင်ရွက်မယ်လို့ ပြောပါတယ်။ **(MIZZIMA, 30.9.2009)**

## အခုမှ အစသာရှိသေး

မြန်မာနအဖနဲ့အမေရိကန်တို့အကြား တိုက်ရိုက်ဆွေးနွေးမှုတွေစတင်တဲ့အချိန်မှာ စီးပွားရေးပြစ်ဒဏ်ခတ်အရေးယူမှုတွေကို ဖယ်ရှားပေးပါလို့တောင်းဆိုမှုတွေတဆက်တည်းပေါ်လာခဲ့ပါတယ်။ အမေရိကန်ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကဲမ်ဘဲလ် က ဆွေးနွေးမှုတွေအစမှာ အဓိပ္ပာယ်ရှိတဲ့တိုးတက်မှုတစုံတရာမရှိပဲ ပြစ်ဒဏ်ခတ်အရေးယူတာတွေကို ရုပ်သိမ်းမယ်ဆိုရင် အမေရိကန်တို့ရဲ့အမှားဖြစ်မယ်လို့ ပြောဆိုလိုက်ပါတယ်။ **(REUTERS, 30.9.2009)**

## ကြိုတင်ကန့်သတ်ချက်မရှိပဲတွေ့သင့်

နအဖနဲ့ အမေရိကန်တို့ တိုက်ရိုက်ဆွေးနွေးမှုတွေပြုကြတဲ့အခါ ကြိုတင်သတ်မှတ်ကန့်သတ်ချက်တွေမလုပ်ပဲ ဆွေးနွေးသင့်တယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်လို့ အဲန်အဲလ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောဆိုပါတယ်။ ဒေါ်စုက နှစ်ဘက်ဆွေးနွေးတာ ကောင်းတယ်လို့လည်း ပြောတယ်လို့ သိရပါတယ်။ **(AFP, 30.9.2009)**

## ကျပ် ၅၀၀၀ တန်ကို ယုံကြပါ

အောက်တိုဘာလ ၁ ရက်နေ့ကစပြီး မြန်မာနိုင်ငံမှာထုတ်ဝေတဲ့ ကျပ် ၅၀၀၀ တန်ငွေစက္ကူကို ယုံယုံကြည်ကြည်နဲ့ သုံးစွဲကြပါလို့ ဘဏ်လုပ်ငန်းဆိုင်ရာကျွမ်းကျင်သူ ဦးဝင့်ကျော်က ပြည်တွင်းထုတ် Eleven ဂျာနယ်ကို ပြောဆိုလိုက်ပါတယ်။ **(BERNANA,28.9.2009)**

## အာဆီယံနိုင်ငံတွေခပ်တင်းတင်းဆက်ဆံပါ

မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးပြီးနောက် ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ အာဆီယံနိုင်ငံတွေအနေနဲ့ နအဖစစ်အုပ်စုအပေါ် ခပ်တင်းတင်းဆက်ဆံပြောဆိုဖို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နယူးယောက်မှာ အာဆီယံဝန်ကြီးတွေနဲ့တွေ့ဆုံတဲ့ ဆွေးနွေးပွဲတခုမှာ တိုက်တွန်းပြောဆိုသွားပါတယ်။ **(AP, 27.9.2009)**

# ထိုင်းနိုင်ငံအခြေစိုက် သံဃာ့တပ်ပေါင်းစု မြန်မာသံရုံးရှေ့မှာ သစ္စာဓိဋ္ဌာန်ပြု

**DVB၊ စက်တင်ဘာ ၂၆။ ။** ရွှေဝါရောင်တော်လှန်ရေးမှာ သံဃာတော်တွေ သွေးမြေကျတာ ၂ နှစ်ပြည့်ခဲ့ပြီဖြစ်တာကြောင့် ထိုင်းနိုင်ငံအခြေစိုက် သံဃာ့တပ်ပေါင်းစုဝင်တွေက ဘန်ကောက်မြို့ မြန်မာသံရုံးရှေ့ ဒီကနေ့နေလည် ၁ နာရီမှာ သစ္စာဓိဋ္ဌာန် ပြုခဲ့ကြပါတယ်။

"၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော သံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇန သပိတ်မှောက်ကံဆောင်မှုသည် ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်ပညတ်ပြဋ္ဌာန်းခဲ့သော သံဃာကံ အစစ်အမှန်ဖြစ်ပါသည်။ ၎င်းကံကို ဆောင်တော်မူခဲ့ကြသော သံဃာတော်အရှင်သူမြတ်များသည် စစ်အာဏာရှင်များ ပုတ်ခတ်စွတ်စွဲသလို ရဟန်းတု ရဟန်းယောင်များမဟုတ်ကြပဲ ဘုရားသားတော် ရဟန်းသံဃာ အစစ်အမှန်များဖြစ်ကြပါသည်။ မြန်မာပြည်သူ အများစုသည်လည်းပဲ ဆင်းရဲကျပ်တည်းမှုမျိုးစုံနှင့် ကြုံတွေ့ရင်ဆိုင်နေကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရဟန်းသံဃာများ ရှုတ်ပွားခဲ့ကြသည်မှာ ဗုဒ္ဓရှင်တော်မြတ်၏ ပရိယတ္တိပရိတ်မေတ္တာတရား အစစ်အမှန်များဖြစ်ကြပါသည်။ ရဟန်းသံဃာများနှင့် မြန်မာပြည်သူအားလုံးကလည်း မြန်မာပြည်ငြိမ်းချမ်း သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားကြပါသည်။ စစ်အာဏာရှင်အုပ်စုများသည် ရဟန်းရတနာသုံးပါးနှင့် လူမျိုးဘာသာ သာသနာကို ရိုင်းစိုင်းစွာ စော်ကားပုတ်ခတ် နှိပ်စက်ဖျက်ဆီးနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဤမှန်ကန်သော သစ္စာစကားတို့ကြောင့် ဆိုးညစ်ယုတ်မာ စဉ်းလဲကောက်ကျစ်သည့် လူသားစိတ်မရှိသော မကောင်းဆိုးဝါးစစ်အာဏာရှင်ခေါင်းဆောင်များနှင့် အကြံပေးများ၊ နောက်လိုက် တရားသူကြီး၊ လူရမ်းကား မိစ္ဆာဒိဋ္ဌိများအာလုံး ကိုယ်မကောင်းကံ ကိုယ်ပြန်ခံ၍ အမြန်ကွယ်ပျောက်ကျဆုံးပြီး ရဟန်းသံဃာများနှင့် ပြည်သူတရပ်လုံးစစ်အာဏာရှင်စနစ်ဆိုးအောက်မှ အမြန်ဆုံးလွတ်မြောက်ကာ အမှန်တရားများ အမြန်ပေါ်ထွန်းပြီး တိုင်းပြည်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေသော်ဝ်။"

သစ္စာဓိဋ္ဌာန်ပြုခဲ့ကြပုံကို ထိုင်းနိုင်ငံအခြေစိုက် သံဃာ့တပ်ပေါင်းစုဦးဆောင်ဆရာတော်အရှင်တေဇက မိန့်ကြားတာပါ။ သစ္စာဓိဋ္ဌာန်ပြုပွဲမှာ သံဃာ ၁၁ ပါးပါ ဝင်ပြီး ထိုင်းအာဏာပိုင်တွေက တစုံတရာဟန့်တားနှောင့်ယှက်ခြင်းမပြုဘူးလို့ အရှင်တေဇက မိန့်ကြားပါတယ်။ သစ္စာဓိဋ္ဌာန်ပြုရတဲ့ရည်ရွယ်ချက်ကိုလဲ အခုလို ရှင်းပြပါတယ်။

"လုပ်ရတဲ့ရည်ရွယ်ချက်က အားလုံးသိတဲ့အတိုင်း စစ်အုပ်စုဟာရဟန်းသံဃာတွေကို အမျိုးမျိုးစွတ်စွဲပြီးတော့ ဖိနှိပ်ချုပ်ချယ်နေတယ်၊ ကျောင်းတိုက်တွေကိုလည်းပဲ မသမာတဲ့နည်းတွေ မျိုးစုံသုံးပြီးတော့ အတင်းအဓမ္မဝင်ရောက်ရှာဖွေစစ်ဆေးနေတယ်။ စက်တင်ဘာတုန်းက ကျောင်းတိုက်တွေကို သူပုန်စခန်း စီးသလို စီးခဲ့ကြတာ အားလုံး တကမ္ဘာလုံးအသိပဲ၊ အခုလည်း သူတို့ရဲ့သတင်းစာတွေကို သုံးပြီးတော့ သံဃာတွေကို ပြည်သူတွေ အကြည်ညိုမဲ့အောင် ဖောက်ခွဲရေးပစ္စည်းတွေနဲ့ဆက်နွယ်တယ်၊ ဖောက်ခွဲတဲ့အဖွဲ့အစည်းတွေနဲ့ဆက်သွယ်တယ်ဆိုပြီးတော့ အမျိုးမျိုးစွတ်စွဲနေတာတွေကို ဦးဇင်းတို့က မဟုတ်မှန်တဲ့အကြောင်းကို သက်သေပြတဲ့အနေနဲ့ မြန်မာပြည်သူ ပြည်သားတွေ ဆင်းရဲနွမ်းပါးနေတာ သူတို့ရဲ့ စစ်ဖိနပ်အောက်မှာ ဒုက္ခရောက်နေတာကို မှန်ကန်တာတွေ၊ သူတို့ ဟာသာသနာတော်ကို စော်ကားဖျက်ဆီးနေတာ မှန်ကန်တာတွေကို ဦးဇင်းတို့က ဖေါ်ထုတ်ပြီးတော့ သစ္စာဆိုခဲ့တာပါ၊ ဒီသစ္စာဆိုခြင်းဟာလည်းပဲ ဘုရားနည်းလမ်းပဲဖြစ်ပါတယ်။"

သံဃာတွေဟာ သစ္စာဓိဋ္ဌာန်ပြုရင်း နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ပါစေလို့ ဆုတောင်းခဲ့တယ်လို့ အရှင်တေဇက မိန့်ကြားပါတယ်။

"စစ်အာဏာရှင်တွေဟာ ရဟန်းသံဃာတော်နှင့်တကွ သာသနာတော်ကို ဖိနှိပ်နေတာ မှန်ကန်တယ်၊ မြန်မာပြည်သူပြည်သားတွေကို အမျိုးမျိုးချုပ်ချယ်ဖိနှိပ်နေတာမှန်ကန်တယ်၊ အဲဒီ မှန်ကန်တဲ့ သစ္စာစကားတွေကြောင့် အားလုံးထောင်ထဲမှာ ကျရောက်နေကြတဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ အမျိုးသားခေါင်းဆောင်တွေ၊ နိုင်ငံရေးအကျဉ်းသား အားလုံးလွတ်မြောက်ပါစေဆိုပြီးတော့ မှန်ကန်တဲ့ အဓိဋ္ဌာန်ပြုမှုနဲ့ ဦးဇင်းတို့ဆုတောင်းတာဖြစ်ပါတယ်။"

သီတင်းကျွတ်လပြည့်နေ့မှာတော့ ပြည်တွင်းပြည်ပက သံဃာတွေ ပူးပေါင်းညှိနှိုင်းပြီး တတိယအကြိမ်သပိတ်မှောက် ကံဆောင်နိုင်အောင်ကြိုးစားသွားမယ်လို့လဲ အရှင်တေဇက မိန့်ကြားပါတယ်။

"သတင်းကျွတ်လပြည့် ပဝါရဏာနေ့မှာ ဦးဇင်းတို့ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇန သပိတ်မှောက်ကံဆောင်ကို ဖြစ်အောင် ကြိုးစားသွားမှာပါ။ ပြည်တွင်းပြည်ပ သံဃာ့တပ်ပေါင်းစုအဖွဲ့တွေ အာလုံးတပြေးညီတည်း ဦးဇင်းတို့ ဆောင်ရွက်ပြီးတော့ ဖြစ်မြောက်အောင်ကြိုးစားသွားမှာပါ။"

---

## ပြက္ခဒိန်မှ

**အောက်တိုဘာ ၂၊ SHAN။ ။** အမေရိကန်၏ လေ့နံ ၂ ဖက်နင်း မြန်မာမှုအောင်မြင်ရန် ဦးစွာ နအဖ မှ ပထမခြေလှမ်းအဖြစ် နိုင်ငံရေးအကျဉ်းသားအားလုံးအားလွှတ်ရန်၊ ဒုတိယ စစ်တပ်စိုးမိုးရေးဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် Sai Wansai မှ အကြံပြုတိုက်တွန်း၏။

**အောက်တိုဘာ ၂၊ IPS။ ။** တရုတ်သည် မြန်မာနှင့်နယ်စပ်အခြေအနေအပြင် မြန်မာ၏ အမေရိကန်နှင့် ဆွေးနွေးရေးနီးစပ်မှုကြောင့် မြန်မာအပေါ် ပီကင်းတရုတ်ကြီး၏ သဘောထားလှုပ်ရှားနေကြောင်း။

---

# စတားလိုင်း ရန်ကုန်ကိုစတင်ပြေးဆွဲ

**DVB၊ စက်တင်ဘာ ၂၈။ ။** သြစတြေးလျားလေကြောင်းလိုင်း တလိုင်း မြန်မာပြည်ကို စတင်ပြေးဆွဲတာ နအဖစစ်အုပ်စုကို အထောက်အပံ့ပြုတာပဲဆိုတဲ့ စွပ်စွဲချက်ကို လေကြောင်းလိုင်းက ခုခံငြင်းဆိုလိုက်ပါတယ်။

ဈေးသက်သာတဲ့ ဂျက်စတားလေကြောင်းလိုင်းဟာ စင်ကာပူ–ရန်ကုန်ခရီးစဉ်ကို ဒီနေ့ကစပြီး တပတ်ကို လေးကြိမ်ပြေးဆွဲမှာဖြစ်ပါတယ်၊ ဒီလုပ်ရပ်ဟာ စစ်အုပ်စုကို အထောက်အပံ့ပြုတာပဲလို့ ဘားမားကမ်ပိန်း သြစတြေးလျားက ပြစ်တင်ရှုတ်ချထားပြီး လေကြောင်းလိုင်းက "စစ်အုပ်စုအာဏာပိုင်တွေကို ဘာမှမပေးခဲ့ဘူး၊ မြန်မာပြည်သူတွေအတွက် အပြုသဘောဆောင်တဲ့ ခရီးစဉ်ပါ"လို့ ချေပပါတယ်။ စင်ကာပူနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ ဂျက်စတား အေးရှားလေကြောင်းလိုင်းဟာ သြစတြေးလျားက ဂျက်စတားလေကြောင်းလိုင်းကြီးရဲ့ လက်အောက်ခံဖြစ်ပါတယ်။ နအဖစစ်အုပ်စုကို အမေရိကန်ဒေါ်လာ သန်း ၂,၈၀၀ လောက် ဝင်ငွေအထောက်အပံ့ဖြစ်စေတဲ့ သြစတြေးလျားကုမ္ပဏီ ၈ ခုထဲမှာ ဒီလေကြောင်းလိုင်းသစ် ပါဝင်တယ်လို့ ဘားမားကမ်ပိန်း သြစတြေးလျားက သတင်းထုတ်ပြန်ထားပါတယ်။

"ဂျက်စတားလေယာဉ်တစင်း မြန်မာ့မြေမှာ ဆင်းသက်တိုင်း စစ်အုပ်စုကို အခွန်ပေးနေတာပဲ"လို့ ဘားမားကမ်ပိန်း သြစတြေးလျားရဲ့ ပြောရေးဆိုခွင့်ရှိသူ ဇက်တီဘရိတ်က ပြောပါတယ်။ မြန်မာခရီးစဉ်ကို ဖျက်သိမ်းဖို့ ဘားမားကမ်ပိန်း သြစတြေးလျားက တောင်းဆိုထားပြီး အကျိုးဆက်တွေခံစားရမယ်လို့ သတိပေးထားပါတယ်။ ဒီအတောအတွင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်က သတင်းတပုဒ်မှာ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အကျင့်ပျက်ချစားမှု ဒုတိယအဆိုးဝါးဆုံးနိုင်ငံဖြစ်နေပြီး ဒိန်းမတ်က ချစားမှုအနည်းဆုံးနိုင်ငံအဖြစ် ဖော်ပြထားတာတွေ့ရပါတယ်။

ဒီလ ၂၃ ရက် နေ့က ထုတ်ပြန်တဲ့ အဂတိလိုက်စားမှု စောင့်ကြည့်ရေးအဖွဲ့ ထရန်စပယ်စီ အင်တာနေရှင်းနယ်ရဲ့ အစီရင်ခံစာကို ဒိန်းမတ်သတင်းစာက ကိုးကားဖော်ပြထားတာ ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၁၈၀ ကို လေ့လာတဲ့အခါ အဆိုးဝါးဆုံးက ၁။ ဆိုမာလီယာ၊ ၂။ မြန်မာ ၃။ အီရတ်နိုင်ငံအဖြစ် ဖော်ပြထားပါတယ်။ အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံတွေက ဒိန်းမတ်၊ ဆွီဒင်နဲ့ နယူးဇီလန်တို့ဖြစ်ကြောင်း အဲဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

# လွှတ်တော်အမတ် မစ္စတာဂျင်မ်ဝက်ဘ် နအဖစစ်အုပ်စုဝန်ကြီးချုပ်နဲ့တွေ့ဆုံ

**RFA၊ စက်တင်ဘာ ၂၉။** ။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ရဲ့ အထူးအကြံပေးအရာရှိ Joseph Verner Reed ရဲ့ဖိတ်ကြားချက်အရ အမေရိကန်လွှတ်တော်အမတ် Jim Webb ဟာ စစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ နယူးယော့ခ်မြို့မှာ မနေ့ကတွေ့ဆုံခဲ့ပါတယ်။

စစ်အစိုးရအုပ်ချုပ်နေတဲ့မြန်မာနိုင်ငံမှာ ဒီမိုကရေစီပေါ်ထွန်းလာဘို့ နိုင်ငံတကာကပိုင်းဝန်းကြိုးပမ်းနေချိန်မှာ အမေရိကန်အစိုးရအနေနဲ့ မြန်မာစစ်အစိုးရထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ တိုက်ရိုက်ဆွေးနွေးလိုကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hilary Clinton က ထုတ်ပြန်ကြေညာပြီးနောက်ပိုင်းမှာ အခုလိုတွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။ ၁၄နှစ်အတွင်း ကုလသမဂ္ဂအထွေထွေညီလာခံကို တက်ရောက်တဲ့ မြန်မာစစ်အစိုးရတာဝန်ရှိသူတွေထဲမှာ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်ဟာ အမြင့်ဆုံးတာဝန်ရှိသူတဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက လွှတ်တော်အမတ် Mr. Jim Webb ဟာ စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနဲ့လည်း အမေရိကန်နဲ့မြန်မာ ဆက်ဆံရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

လာမယ့်ဗုဒ္ဓဟူးနေ့မှာကျင်းပမယ့် အမေရိကန်အထက်လွှတ်တော်အစည်းအဝေးမှာ လွှတ်တော်နိုင်ငံခြားရေးရာကော်မတီက လက်ရှိမြန်မာ့ စီးပွားရေး၊ နိုင်ငံရေးအခြေအနေအပြင် ကာလကြာမြင့်ပြီဖြစ်တဲ့ တိုင်းရင်းသားလူမျိုးစုပြဿနာတွေနဲ့ ပြည်တွင်းမငြိမ်မသက်မှုတွေနဲ့ပတ်သက်ပြီး ကြားနာသုံးသပ်ဆွေးနွေးကြမှာဖြစ်ပြီး လွှတ်တော်အမတ် Mr.Jim Webb လည်း အဲဒီအစည်းအဝေးကို တက်ရောက်မှာဖြစ်ပါတယ်။

အဲဒီအစည်းအဝေးမှာ မြန်မာစစ်အစိုးရအပေါ် အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့အရေးယူမှုကို ဆန်းစစ်သုံးသပ်မှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အမေရိကန်အစိုးရအနေနဲ့ ဘယ်လိုပါဝင်နိုင်မယ်၊ မြန်မာစစ်အစိုးရနဲ့ဆက်ဆံရေးကို ဘယ်လိုပုံစံနဲ့ချမှတ်မယ်ဆိုတာကိုပါ စဉ်းစားဆွေးနွေးကြမှာဖြစ်ပါတယ်။ လွှတ်တော်အမတ် Mr.Jim Webb ဟာ အမေရိကန်လွှတ်တော်ရဲ့ နိုင်ငံခြားရေးရာကော်မတီမှာ အရှေ့အာရှနဲ့ပစိဖိတ်ရေးရာ ဆပ်ကော်မတီရဲ့ ဥက္ကဋ္ဌတာဝန်ကိုယူထားသူဖြစ်ပြီး အမေရိကန်အစိုးရက မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့တားဆီး အရေးယူတာနဲ့ပတ်သက်ပြီး ပြန်လည်သုံးသပ်ဘို့ ဦးဆောင်ကြိုးပမ်းခဲ့သူဖြစ်ပါတယ်။

လွှတ်တော်အမတ် Mr.Jim Webb ဟာ မကြာသေးခင်ကဘဲ မြန်မာနိုင်ငံအပါအဝင် အာရှ ၅ နိုင်ငံကို အလည်အပတ်သွားရောက်ခဲ့ရာမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံခဲ့သလို ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း သီးခြားတွေ့ဆုံခဲ့ပါတယ်။ မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကနေလွှတ်ပေးပြီး ၂၀၁၀ ရွေးကောက်ပွဲမှာပါဝင်နိုင်အောင် မြန်မာစစ်အစိုးရကိုဖိအားပေးဘို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကိုလည်း တိုက်တွန်းခဲ့ပါတယ်။

# တရုတ်များ မောင်းထုတ်ခံနေရမှု ပီကင်းကစိုးရိမ်

**DVB၊ စက်တင်ဘာ ၂၈။** ။ တရုတ်–မြန်မာနယ်စပ် ကိုးကန့်နယ်မြေတွင်းရှိ တရုတ်နိုင်ငံသားတွေကို နအဖက ပြန်မောင်းထုတ်နေပါတယ်။ ကိုးကန့်နယ်မြေတွင်းရှိ တရုတ်နိုင်ငံသားတသောင်းကျော်ကို ဒီနေ့ ၂၈ ရက်နေ့ထက် နောက်မကျစေဘဲ မြန်မာပိုင်နက်ထဲကထွက်သွားဖို့ စစ်အစိုးက သတိပေးထားပြီးဖြစ်ပါတယ်။

ဒီနေ့ လောက်ကိုင်က နောက်ဆုံးအခြေနေတွေနဲ့ ပတ်သက်ပြီး ဒေသခံတွေကို တိုက်ရိုက်ဆက်သွယ်လို့ မရသေးပေမယ့် ကိုးကန့်နဲ့ နယ်မြေချင်းထိနေတဲ့ ယူဒဗလျူအက်စ်အေ ဝ အရာရှိတဦးက မနေ့ညကတည်းက အဲဒီမှာရှိတဲ့ တရုတ်နိုင်ငံသားတွေ ပြန်ထွက်ပြေးနေပြီလို့ သူမိတ်ဆွေတွေမှတဆင့် သိရတယ်လို့ပြောပါတယ်။

"လောက်ကိုင်မှာနေတဲ့ မိတ်ဆွေတော်တော်များများပြောတာက သူတို့တွေ အထုပ်အပိုးတွေ ပြင်နေကြပြီ ပြန်ကြတော့မယ်လို့ပြောတယ်။ ဒီမှာလည်း လူတွေ တော်တော်ပါးသွားပြီး နေလို့ ထိုင်လို့ သိပ်အဆင်မပြေဘူးဆိုပြီး ပြောတယ်။"

ဒီပြဿနာဟာ ဝ နယ်ကို ကူးစက်လာခြင်း မရှိသေးပေမယ့် နအဖတပ်ရင်း ၂၂ ခု သူတို့နယ်မြေအနီး ရှိနေဆဲဖြစ်ပြီး လုံခြုံရေးသတိအမြဲတမ်းရှိနေဆဲလို့ ဝ အရာရှိက ပြောပါတယ်။ အခုလို တရုတ်နိုင်ငံသားတွေအပေါ် မောင်းထုတ်မှုဟာ တိုက်ပွဲတွေပြီးလို့ ပုံမှန်အခြေအနေပြန်ဖြစ်နေပြီး တရုတ်ဘက် ထွက်သွားသူတွေအားလုံး ပြန်ဝင်လာလို့ရနေပြီလို့ စစ်အစိုးရပိုင် မီဒီယာတွေမှာ တခမ်းတနားဖော်ပြနေစဉ် ဒီလိုသတင်းတွေ ထွက်ပေါ်လာတာဖြစ်ပါတယ်၊ ဒါပေမယ့် ကိုးကန့်အတွင်းမှာ ဒီလို ပြန်မောင်းထုတ်နေတဲ့သတင်းကိုတော့ အခုချိန်ထိ နအဖဘက်က ဖော်ပြတာ မတွေ့ရသေးပါဘူး။ ပီကင်းကလာတဲ့ အေပီသတင်းတပုဒ်မှာ တရုတ်နိုင်ငံသားတွေ ဒီလိုမောင်းထုတ် ခံနေရမှုအပေါ် တရုတ်အစိုးရက စိုးရိမ်ကြောင်း၊ နယ်စပ်တလျှောက်က လူမျိုးစုနယ်မြေရှိ တရုတ်နိုင်ငံသားတွေရဲ့ လုံခြုံရေးကို မြန်မာစစ်အုပ်စုက ဂရုစိုက် အလေးထားဖို့လိုကြောင်း တရုတ်နိုင်ငံခြားရေးဌာနက တောင်းဆိုခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒါဟာ တရုတ်ဘက်က ရှားရှားပါးပါး ဝေဖန်မှုဖြစ်ပြီး ပီကင်းရှိ နအဖ သံအမတ်ကို ခေါ်ယူသတိပေးခဲ့တယ်လို့သိရပါတယ်။ ဩဂုတ်လ တိုက်ပွဲဖြစ်စဉ်တုန်းက ဒုက္ခသည် သုံးသောင်းခန့်ထောင်ခန့် တရုတ်နယ်မြေထဲ ထွက်ပြေးခဲ့ပြီး တရုတ်ဘက်က သူတို့ကို ကောင်းမွန်စွာ လက်ခံခဲ့ပါတယ်။ ဒီတိုက်ပွဲ စတင်ဖြစ်ပြီးကတည်းက ထွက်ပြေးတိမ်းရှောင်သွားတဲ့ ဖုန်ကျားရှင်နဲ့အဖွဲ့ကို အခုအချိန်အထိ ဖမ်းမိခြင်း မရှိသေးပါဘူး။

# သံဃာတော် ၃ ပါးကို ထပ်မံဖမ်းဆီး

**DVB၊ စက်တင်ဘာ ၃၀။** ။ ရခိုင်ပြည်နယ် မြောက်ဦးမြို့က သံဃာတော် ၃ ပါးကို လက်နက်ရှိတယ်ဆိုပြီး အာဏာပိုင်တွေက စွပ်စွဲကာ ဖမ်းဆီးစစ်ဆေးနေတယ်လို့ မြို့ခံ သံဃာတော်တချို့က ပြောပါတယ်။

ဖမ်းဆီးစစ်ဆေးခံနေရတဲ့ သံဃာတော် ၃ ပါးက မြောက်ဦးမြို့နယ် နံ့သာကန် ကျောင်းက ဦးဝရဏ၊ ဘီလူးကန်ကျောင်းက ဦးသီဝလိနဲ့ ရတနာမာန်အောင်ကျောင်းက ဦးသုမနတို့ဖြစ်ပါတယ်။ အဲဒီသံဃာတော် ၃ ပါးကို လွှန်ခဲ့တဲ့ ၄ ရက်လောက်ကတည်းက အာဏာပိုင်တွေ ကျောင်းမှာ သေနတ်ဆောင်ထားတယ်ဆိုပြီး ကျောင်းတွေမှာ သေနတ်လိုက်ရှာဖွေ စစ်ဆေးတာလည်းမတွေ့ဘဲနဲ့ဖမ်းဆီးစစ်မေးနေတာလို့ ရခိုင်ပြည် ဒီမိုကရေစီလွှတ်မြောက်ရေး မြေအောက်သံဃာ့ခေါင်းဆောင် ဦးနန္ဒသိန္ဓိက မိန့်ကြားပါတယ်။

"စစ်ဆေးတော့ အခု ရခိုင်ပြည် စစ်တွေတရားရုံးကို ရောက်သွားတယ်။ သူတို့ကို နိုင်ငံရေးအကြောင်းနဲ့ပဲ စွပ်စွဲတာဖြစ်မှာ။ ပြီးရင် ဦးဇင်းတို့က မေတ္တာပို့တယ်၊ ပြီးတော့ ဆရာတော်ဦးဥတ္တမ ပွဲနဲ့ဆိုရင် မြောက်ဦးမှာ သူတို့က တော်တော်ဦးဆောင်ပြီးလုပ်ပေးခဲ့တာ။ ဒါကြောင့် ဒီ ဦးဇင်းတို့ကို မစွပ်စွဲရင် မဖြစ်ဘူးဆိုတဲ့အကြောင်းကြောင့် စွပ်စွဲတာဖြစ်မှာ။"

သံဃာတော်တွေကို စွပ်စွဲပြီး ဖမ်းဆီးစစ်မေးနေတဲ့ကိစ္စမှာ သံဃာတော်ဆိုတာ မေတ္တာတရားထားပြီး ဒါယကာ ဒါယိကာမတွေကို ကယ်တင်ရမယ်ဆိုတဲ့ သဘောတရားမျိုးရှိတာကြောင့် အာဏာပိုင်တွေ စွပ်စွဲထားတဲ့ လက်နက်နဲ့ သံဃာတော်တွေဟာ ဘယ်လိုမှ မသက်ဆိုင်ဘူးလို့လည်း ဦးနန္ဒသိန္ဓိ က မိန့်ကြားပါတယ်။

"ဒီ အာဏာရှင် စစ်အစိုးရက ဒုစရိုက်သမားလို့ ဘုန်းကြီးတွေကို မြင်နေကြတာကိုး။ ဒါကြောင့် ဒီ ဦးဇင်းတို့ကို မင်းတို့ဆီမှာ လက်ပစ်ဗုံးရှိတယ်၊ သေနတ်ရှိတယ်ဆိုပြီး အတင်းအဓမ္မ စွပ်စွဲတာပဲဖြစ်မှာ။"

မေတ္တာပို့နေတဲ့ သံဃာတော်တွေကို ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ခုလိုမျိုး လိုက်ဖမ်းနေမယ်ဆိုရင် ၂၀၁၀ ပွဲက ဘယ်တော့မှ ငြိမ်းချမ်းမှာမဟုတ်ဘူးလို့ နအဖ စစ်အုပ်စုကို မှာကြားချင်တယ်လို့ ဦးနန္ဒသိန္ဓိ က မိန့်ကြားပါတယ်။

# မတရားထောင်ချခံရသည့် ရဲဝန်ထမ်းက နအဖအကြီးအကဲထံ တိုင်ကြား

**DVB | စက်တင်ဘာ ၃၀ ။** ။ ခါးခုတ်ခံရတဲ့အပြင် ထောင် ၂ ခါ ကျခဲ့ပြီး ပြီးခဲ့တဲ့လက ပြန်လွတ်လာတဲ့ ရဲတပ်သားတဦးဟာ သူ့အမှုကို မကျေနပ်လို့ အထက်အာဏာပိုင်အဆင့်ဆင့်ကို တိုင်ကြားခဲ့ပေမယ့် အမှုမှန်မပေါ်သေးတာကြောင့် နေပြည်တော်အကြီးအကဲဆီကို ထပ်မံ တိုင်ကြားထားပါတယ်။

ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ် ၁၂ ရဲတပ်ရင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ရဲတပ်သား ကိုချမ်းသာဟာ ဘိုကလေးမြို့ကို ခွင့်ရက်နဲ့ပြန်လာချိန် ထမင်းဆိုင်မှာ ထမင်းစားရင်း ဆိုင်ပိုင်ရှင်နဲ့ စကားများနေတဲ့သူတွေကို ဝင်ရောက်ဖြန်ဖြေရင်း ဓားနဲ့ အခုတ်ခံရတာပါ။ ပြီးခဲ့တဲ့ ၂၀၀၇ နိုဝင်ဘာလအကုန် ဘိုကလေးမြို့ ၃ ရပ်ကွက် 'အေးမင်း' ထမင်းကြော်ဆိုင်မှာ ထမင်းကြော်သွားစားရင်း အခင်းဖြစ်ပွားခဲ့တာလို့ ကိုချမ်းသာက ပြောပြပါတယ်။ ခေါင်းနဲ့ လည်ပင်းမှာ ပြင်းပြင်းထန်ထန် ဓားခုတ်ခံရတာကိုမကျေနပ်လို့ နယ်မြေခံရဲတွေကို အမှုဖွင့်တိုင်ကြားခဲ့ပေမယ့် နယ်မြေခံရဲတွေက ပြစ်မှုကျူးလွန်သူတွေဆီက လာဘ်ငွေယူပြီး အရေးမယူဘဲ သူ့ကိုသာမန်ဒဏ်ရာနဲ့သာ အမှုဖွင့်ပေးခဲ့တယ်လို့ ကိုချမ်းသာက ပြောပါတယ်။

သာမန်ဒဏ်ရာနဲ့ အမှုဖွင့်တာကို ကိုချမ်းသာက မကျေနပ်လို့ ရဲချုပ်နဲ့ ပြည်ထဲရေးဝန်ကြီးဆီကို တိုင်ကြားခဲ့ရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်ဖို့ လာရောက်စစ်ဆေးခဲ့ပေမယ့် နယ်မြေခံရဲနဲ့ ဆေးရုံရဲ့ ထွက်ဆိုချက်ကိုသာယူပြီး ဘိုကလေးမြို့နယ် တရားရုံးက အမှုတင်လိုက်တယ်လို့ ကိုချမ်းသာကပြောပါတယ်။ ဓားခုတ်ခံရစဉ်က ဆေးရုံတက်ခဲ့ရလို့ ကိုချမ်းသာ ခွင့်ရက်ကျော်သွားတဲ့အပြင် ရဲနဲ့အရပ်သားခိုက်ရန်ဖြစ်ပွားမှုကြောင့် ဖျာပုံထောင်မှာ ထောင် ၆ လကျခဲ့ပါတယ်။ ဒီနှစ် ဇန်ဝါရီလဆန်းမှာ ပြန်လွတ်လာပြီးတဲ့နောက် သူ့ကို ကာယိန္ဒြေဖျက်ဆီးမှု၊ နာကျင်စေမှု၊ ဆဲဆိုမှုနဲ့ အရပ်သားတရားရုံးက ထောင် ၄ လ ချခဲ့ပြီး ပြီးခဲ့တဲ့ ဩဂုတ်လ ၂၁ ရက်နေ့မှာ ပြန်လွတ်လာတာလို့ ကိုချမ်းသာက ပြောပါတယ်။ အရပ်သားတရားခံတွေက ဒီနေ့အထိ ဘာမှမဖြစ်ပေမယ့် ရဲတပ်ဖွဲ့ဝင်တွေသာ အရပ်သားနဲ့ခိုက်ရန်ဖြစ်တဲ့အတွက် အလုပ်ပြုတ်၊ ထောင်ကျတာတွေဖြစ်ခဲ့တာလို့လည်း ပြောပါတယ်။

"တရားဥပဒေကတော့ မှားယွင်းနေတာပဲ အခုအထိ ကျနော့်အမှုမှာ အမှန်မပေါ်သေးဘူး။ ကိုယ်သာ ထောင် ၂ ခါကျပြီး အလုပ်ပြုတ်သွားတယ် တရားခံတွေက အချုပ်ထဲကို တရက်မှ မဝင်ရသေးဘူး။"

မတရားထောင်ချခံတဲ့ အမှုကိစ္စနဲ့ပတ်သက်ပြီး မြို့နယ်တရားသူကြီးရဲ့ လုပ်ရပ်၊ နယ်မြေခံရဲနဲ့ ဆေးရုံရဲ့လာဘ်စားပြီး မှားယွင်းစွာ စွဲချက်တင်တာတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်အတွင်းရေးမှူး ၁ ဆီ ဒီလ ၃ ရက်နေ့က ထပ်မံတိုင်ကြားခဲ့တယ်လို့ ကိုချမ်းသာက ပြောပါတယ်။ ဒီတိုင်ကြားချက်နဲ့ပတ်သက်ပြီး အခုအထိ ဘာမှ အကြောင်းမပြန်သေးဘူးလို့ ပြောပါတယ်။ ကိုချမ်သားသာဟာ စစ်တွေမြို့ အမှတ် ၁၂ ရဲတပ်ရင်းက တပ်သားဖြစ်ပြီး ကိုယ်ပိုင်နံပါတ် လ/၁၉၆၂၀၂ ဖြစ်ကြောင်းသိရပါတယ်။

# တောင်သူများကို အဓမ္မနေကြာစိုက်ခိုင်း

**DVB | စက်တင်ဘာ ၂၉ ။** ။ ပဲခူးတိုင်း ညောင်လေးပင် မြို့နယ်က ကျေးရွာတွေမှာ အောင်မြင်မှုမရှိတဲ့ နေကြာကို အဓမ္မစိုက်ခိုင်းနေပါတယ်။ ဆောင်းသီးနှံအဖြစ် နေကြာကို မဖြစ်မနေစိုက်ခိုင်းတာ ဒီနှစ်ပါဆိုရင် ၄ နှစ် ရှိပြီ ဖြစ်ပါတယ်။

နေကြာမျိုး မဝယ်မနေရ၊ မစိုက်မနေရ၊ မစိုက်ရင် လယ်သိမ်းမယ်လို့ ခြိမ်းခြောက်ပြောဆိုနေတာကြောင့် တောင်သူတွေအနေနဲ့မအောင်မြင်တဲ့နေကြာကို စိုက်နေရပါတယ်။ နေကြာစိုက်ရတဲ့ အခက်အခဲတွေကို ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိရွာက ကိုအောင်မင်းက နေကြာစိုက်ခိုင်းလို့စိုက်ပေမယ့် နေကြာထွက်လာပြီဆိုရင် ဘယ်မှာ ရောင်းချရမှန်း မသိဘူးလို့ပြောပါတယ်။

"နေကြာစိုက်တော့ ပဲကို ဆေးဖြန်းတဲ့နေရာမှာ ဆေးက ပဲကို မရောက်တော့ဘူး။ အသုံးမဝင်တဲ့ နေရာမှာပဲ ဆေးက ရောက်နေတယ်၊ မနှစ်က မျိုးကျန်တယ်ဆိုလည်းမရဘူး။ သူတို့က ဝယ်ကိုဝယ်မှ။ ဝယ်ပြီးရင်လည်း စိုက်မှ။ မစိုက်ရင် လယ်သိမ်းမယ်ဆိုတော့ လယ်လုပ်သူက လယ်မပိုင်ဘဲ နေကြာစိုက်တဲ့သူက လယ် ပိုင်သလို ဖြစ်နေတယ်။"

ဘာကြောင့် နေကြာကို အတင်းအဓမ္မ စိုက်ခိုင်းနေရတာလဲဆိုတာ တောင်သူတွေအနေနဲ့တိကျတဲ့ အကြောင်းပြချက်မသိရပေမယ့် ယတြာအနေနဲ့ စိုက်ခိုင်းတာလို့ မြင်ကြောင်း ညောင်လေးပင်မြို့ခံတဦးက ပြောပါတယ်။

"အနေကြာကြာ နေရဖို့၊ စိုးစံနိုင်ဖို့ အုပ်ချုပ်နိုင်ဖို့ ကြာကြာနေရအောင် နေကြာ စိုက်ခိုင်းတယ်လို့ ပြီးခဲ့တဲ့ ၃ နှစ်ကတည်းက လူတွေ ပြောနေကြတာပဲ။ ပြောမယ်ဆို ပြောလောက်တယ်။ စီမံကိန်းလို့ ပြောပြီး စိုက်တာ၊ ထွက်တာ၊ ပြန်ဝယ်တာ တခုမှမရှိတဲ့ စီမံကိန်းဆိုတာ နေကြာတခုပဲရှိတယ်။"

ပြီးခဲ့တဲ့ ၃ နှစ်မှာ စိုက်ပြီး ဘယ်မှာရောင်းရမယ်ဆိုတာ မသိပေမယ့် နေကြာမျိုးတွေကို မယကညွှန်ကြားချက်နဲ့ စိုက်ပျိုးရေးရုံးက နှစ်စဉ်အဓမ္မရောင်းချနေပါတယ်။ နေကြာမျိုးရောင်းပြီးတာနဲ့ ဘာမှ တာဝန်မယူကြောင်းကိုလည်း ကိုအောင်မင်းက ပြောပါတယ်။

"နေကြာ မဝယ် မစိုက်ရင် ကျနော်တို့ရဲ့လယ်လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းမယ်ဆိုတာ ရယက က အသံချဲ့စက်နဲ့ကြေညာတာ။ တောင်သူတွေကလည်း နေကြာကို လုံးဝမစိုက်ချင်လို့ မဟုတ်ဘူး။ စိုက်ပြီး ထွက်လာတဲ့နေကြာကို ဝယ်မယ့် ဝယ်လက်ဆိုတာလည်း မရှိဘူး။ မဖြစ်မနေကို ဝယ်စိုက်ရမယ့်သဘော။ ကျနော်တို့က လယ်လုပ်စားရတာဆိုတော့ လယ်လုပ်တာကို မြတ်နိုးတယ်။"

မစိုက်ရင် လယ်သိမ်းမယ်ဆိုတဲ့အတွက် ပဲခူးတိုင်းညောင်လေးပင်မြို့နယ်က တောင်သူတွေအနေနဲ့မဖြစ်မနေ အရှုံးခံစိုက်ပေးနေရတယ်လို့ ကိုအောင်မင်းက ပြောပါတယ်။

# မတ်ပဲဈေးတက်လို့ ကြိုငွေယူသူများအခက်ကြုံ

**DVB | စက်တင်ဘာ ၃၀ ။** ။ ဒီနှစ် မတ်ပဲဈေးတက်လာတဲ့အတွက် ကုန်သည်တွေဆီက ငွေကြိုထုတ်ထားတဲ့ တောင်သူတွေ အခက်ကြုံနေရပါတယ်။

အိန္ဒိယနိုင်ငံဘက်ကို မတ်ပဲတွေ တင်ပို့မယ့် အခြေအနေတွေ ဖြစ်လာပြီးနောက် မြန်မာနိုင်ငံမှာ မတ်ပဲတွေဈေးတက်လာတာပါ၊ ဒီနှစ်မတ်ပဲဈေးတက်သွားတာ မှန်ပေမယ့် ကုန်သည်တွေဆီကနေ ကြိုတင်ငွေယူထားတဲ့ တောင်သူတွေအနေနဲ့အကျိုးအမြတ်မရဘဲ နစ်နာကြရတယ်လို့ မတ်ပဲ ပွဲရုံပိုင်ရှင်တဦးက ပြောပါတယ်။ ပြီးခဲ့တဲ့နှစ်က ဒီလိုအချိန်မှာ မတ်ပဲပေါက်ဈေး ၂ သောင်းခွဲဖြစ်နေတဲ့အချိန်မှာ ကုန်သည်တွေက တောင်သူတွေကို ကြိုတင်ငွေ ၁ သောင်း ၈ ထောင်လောက်သာ ပေးထားတဲ့အတွက် ဈေးတွေတက်လာချိန်မှာ တောင်သူတွေ နစ်နာကြရတာလို့ အဲဒီပွဲရုံပိုင်ရှင်က ပြောပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ အိန္ဒိယရဲ့ ပေါ်လစီအရ မတ်ပဲကိုလှောင်ကုန်အဖြစ် လက်မခံပေမယ့် ဒီနှစ် အိန္ဒိယမှာ မတ်ပဲတွေ အပျက်များသွားတာကြောင့် လှောင်ကုန်အဖြစ် ခွင့်ပြုလိုက်တာကြောင့် ဝယ်လိုအားတွေများလာပြီး မတ်ပဲဈေး တက်သွားတာကလည်း အကြောင်းတရပ်ဖြစ်တယ်လို့ သူက ပြောပါတယ်။

"နောက် ဗမာပြည်မှာလည်း မတ်ပဲတွေ ပျက်မယ်ဆိုတော့ အဓိက စားသုံးဖို့ ပြတ်သွားရင် ဈေးက ပိုပြီးအများကြီးတက်သွားနိုင်တယ်။ ဒါကို တောင်သူက မသိဘဲနဲ့ ကြိုယူပြီး သုံးမိလိုက်ရင် နွားတွေ ရောင်းရ၊ အိမ်တွေရောင်းရ၊ လယ်တွေ ရောင်းရပြီး ပြုတ်သွားတဲ့ ပြဿနာတွေက ဒီဘက်မှာ ခဏခဏ ဖြစ်တယ်။"

ပြီးခဲ့တဲ့နှစ်က စပါးဈေး၊ ပဲဈေးတွေကလည်းမကောင်း၊ ဒီနှစ်မှာ အစိုးရကလည်း စိုက်ပျိုးစရိတ်ချေးငွေ ထုတ်မပေးတာကြောင့် တောင်သူတွေမှာ ရှိတဲ့နွားကိုရောင်းချပြီး အငှားနွားနဲ့ပြန်လည်ထွန်ယက်နေရတဲ့ အခက်အခဲတွေလည်းရှိနေတယ်လို့ နောက် တောင်သူတဦးက ပြောပါတယ်။

# ကိုညီညီအောင်ကို ရုံးမထုတ်ဖြစ် ရမန်ကြီးတပတ် ထပ်မံရွှေ့ဆိုင်း

**DVB၊ အောက်တိုဘာ ၁။** ။ ပြည်တွင်း နိုင်ငံရေးဆူပူလှုပ်ရှားမှုတွေမှာ ပါဝင်ပတ်သက်သူအဖြစ် နအဖစစ်အုပ်စုက စွပ်စွဲထားသူ အမေရိကန်နိုင်ငံသားမြန်မာလူမျိုး ကိုညီညီအောင် (ခ) ကိုကျော်ဇော်လွင်ရဲ့ အမှုကို ဒီနေ့ ရုံး မထုတ်ဖြစ်ဘဲ နောက်ထပ် ရမန်ကြီးတပတ် ၁၄ ရက် ရွှေ့လိုက်တယ်လို့မိသားစုက ပြောပါတယ်။

ကိုညီညီအောင်ကို ဒီနေ့လှိုင်မြို့နယ်တရားရုံးမှာ ရုံးထုတ်မယ်လို့ အမေရိကန်သံရုံးတာဝန်ရှိသူတွေကတဆင့်သိရလို့ မိသားစုက တရားရုံးမှာ သွားစောင့်ပေမယ့် ရုံးမထုတ်ဖြစ်ခဲ့တာပါ။ အင်းစိန်ထောင်ကို ထပ်လိုက်သွားတော့မှ ထောင်တွင်း ရမန်ထပ်ယူခဲ့တာကို သိရတာလို့ ကိုညီညီအောင် အဒေါ် ဒေါ်စုစုကြည်က ပြောပါတယ်။

“အမှုတွဲတော့ ဘာမှမသိရသေးဘူး။ သံရုံးကနေ ပြောပေးထားတာပဲ။ ကိုညီညီအောင်က ဦးကြည်ဝင်းကို ပြောခိုင်းတယ်ဆိုတော့ ဦးကြည်ဝင်းနဲ့ ဦးဉာဏ်ဝင်းပဲ လိုက်မယ်ထင်တယ်။ ရှေ့နေတွေလည်း လာလို့ မရသေးဘူးလို့ ပြောတယ်။ သူတို့ တင်ထားတာ မရသေးဘူး။ ဒါကြောင့် ရုံးမထုတ်သေးတာလား မသိဘူး။”

လောလောဆယ် ကိုညီညီအောင်ကို လူချင်းတွေ့ဆုံခွင့်မရသေးပေမဲ့ အာဏာပိုင်တွေက တပတ်တခါ ပါဆယ်ပို့ခွင့်ရတဲ့အတွက် တနင်္လာနေ့တိုင်း အင်းစိန်ထောင်မှာ သွားပို့ပေးနေတယ်လို့လည်း ဒေါ်စုစုကြည်က ပြောပါတယ်။ ကိုညီညီအောင်ရဲ့ဆန္ဒအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရှေ့နေ ဦးကြည်ဝင်းနဲ့ ဦးဉာဏ်ဝင်းတို့ကို ဒီအမှုအတွက် လိုက်ပေးဖို့ အမေရိကန်သံရုံးက အကူအညီတောင်းခဲ့ပါတယ်။ ရှေ့နေတွေဘက်က သဘောတူပြီးပေမယ့် အခုအထိ ရှေ့နေလိုက်ပါခွင့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနရုံးက ပြန်စာမရသေးဘူးလို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

“မနေ့က ကျနော်တို့ ဆက်သွယ်နေကြတာပဲ။ သိပ် မသေချာသေးဘူး။ အဲဒါ တပတ်ကျော်ကျော်လောက်ရှိပြီ။ သူတို့ အကြောင်းကြားထားတယ်။ ကျနော်တို့ကလည်း သဘောတူတယ်။”

၁၉၈၈ လူထုလှုပ်ရှားမှုမှာ ပါဝင်လှုပ်ရှားခဲ့သူ ကိုညီညီအောင်ဟာ အမေရိကန်နိုင်ငံသားအဖြစ်ခံယူပြီးနောက် မြန်မာနိုင်ငံကို အလည်အပတ်ဗီဇာနဲ့ပြန်လာစဉ် ဒီနှစ် စက်တင်ဘာလ ၃ ရက်က ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှာ ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီနောက် စက်တင်ဘာလ ၂၃ မှာ အာဏာပိုင်တွေက သတင်းစာရှင်းလင်းပွဲတခုပြုလုပ်ပြီး ကိုညီညီအောင်ကို ဖောက်ခွဲရေးစီစဉ်သူ၊ နိုင်ငံရေးလှုပ်ရှားသူတွေကို ထောက်ပံ့ပေးနေသူ၊ ဆူပူမှုဖြစ်အောင် လှုံ့ဆော်သူအဖြစ် စွပ်စွဲပြောဆိုခဲ့ပါတယ်။ ဒါကြောင့် ကိုညီညီအောင်ကို တရားရုံးထုတ်တဲ့အခါ ဘယ်လို ပုဒ်မတွေနဲ့စွဲချက်တင်မယ်ဆိုတာ မသိရသေးအတွက် မိသားစုက စိတ်ပူနေကြပါတယ်။

---

## ကျောက်ပန်းတောင်း လူငယ် ၂ ဦးဖမ်းခံရ၊

**DVB၊ အောက်တိုဘာ ၁။** ။ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြည်တော်သာရပ်ကွက်နေ ကိုရဲခေါင်ကို စရဖ အာဏာပိုင်တွေက မနေ့နေ့ခင်းပိုင်းက သူ့နေအိမ်မှာ ဝင်ရောက်ဖမ်းဆီးသွားတယ်လို့ မျက်မြင် ဒေသခံတဦးက ပြောပါတယ်။

ပြည်တော်သာရပ်ကွက်ထဲက ကိုလတ် (ခ) ကပ္ပလီကို အာဏာပိုင်တွေက လွန်ခဲ့တဲ့ ၂ ရက်က ဖမ်းဆီးသွားခဲ့ပြီး မနေ့က ပြည်တော်သာရပ်ကွက်နေ ကိုရဲခေါင်နဲ့ မြို့မရပ်ကွက်ထဲက ကိုရဲတို့ကို ထပ်မံလာရောက်ဖမ်းဆီးတာလို့ သိရပါတယ်။ ကိုရဲက နေအိမ်မှာမရှိလို့ လွတ်မြောက်နေပေမယ့် ကိုရဲခေါင်ကို စရဖက ဖမ်းဆီးပြီး မန္တလေးကို တခါတည်းခေါ်သွားတယ်လို့ အဲဒီဒေသခံက ပြောပါတယ်။

အခုလို ကိုလတ် (ခ) ကပ္ပလီ၊ ကိုရဲခေါင်တို့ကို စရဖအာဏာပိုင်တွေရဲ့ ဖမ်းဆီးမှုနဲ့ ပတ်သက်ပြီးတော့ အဲဒီဒေသခံက ပြောပါတယ်။

“ကျနော်တို့စက်တင်ဘာတုန်းက ပါတယ်ပေါ့လေ။ အဖွဲ့အစည်းအနေနဲ့ကတော့ မရှိဘူး။ အဲဒီ ကလေးတွေက အန်အယ်လ်ဒီကလည်း မဟုတ်ဘူး။ ဟိုနေ့က ဖမ်းသွားတဲ့ ကိုလတ် (ခေါ်) ကိုကပ္ပလီဆိုရင်သူက တတိယနှစ်တောင်နေခဲ့ဖူးတယ်။” ဒီအချိန်အထိ အဖမ်းခံရသူတွေဟာ ဘာမှ လှုပ်ရှားမှု ရှိတာမဟုတ်ဘဲနဲ့ ဖမ်းဆီးခံရတာကြောင့် ဘာကြောင့် ဖမ်းတယ်ဆိုတာ စဉ်းစားလို့မရဘူးလို့လည်း အဲဒီ ဒေသခံက ပြောပါတယ်။

---

## ကေအိုင်အိုနှင့် နအဖ ထပ်မံတွေ့ဆုံ

**DVB၊ အောက်တိုဘာ ၁။** ။ ကေအိုင်အို ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့က ကိုယ်စားလှယ်တွေနဲ့ နအဖမြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ကိုယ်စားလှယ်တွေ မနေ့က မြစ်ကြီးနားမြို့မှာ ထပ်မံတွေ့ဆုံခဲ့ပါတယ်။

မနေ့က မြစ်ကြီးနားမှာ ပြုလုပ်တဲ့ ၂ ဖက်ဆွေးနွေးပွဲကို ကေအိုင်အို ဘက်က ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ဇော်ဆိုင်း၊ ဒုစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်ဂွမ်မော်တို့ ဦးဆောင်တဲ့ ကိုယ်စားလှယ် ၁၀ ဦးခန့်တက်ရောက်ပြီး နအဖ ဘက်က မပခတိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ဦးဆောင်ဆွေးနွေးခဲ့တယ်လို့ လိုင်ဇာရှိ ကေအိုင်အို အရာရှိတဦးကပြောပါတယ်။ ဒီ ဆွေးနွေးပွဲဟာ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကိစ္စကို လက်ခံ၊ လက်မခံ ဆွေးနွေးဖို့ဖြစ်ပေမယ့် ဒါကို ကေအိုင်အိုက ငြင်းပယ်ထားပြီးသားဖြစ်တယ်လို့ ဆိုပါတယ်၊ မနေ့က ဆွေးနွေးပွဲဟာ ဒီကိစ္စကိုတိုက်ရိုက်မပြောဘဲ ပညာရေး၊ ကျန်းမာရေးနဲ့ စိုက်ပျိုးရေးကိစ္စတွေကို ဘယ်လို ပူးပေါင်းဆောင်ရွက်နိုင်မလဲ ဆိုတဲ့အချက်တွေသာ ဆွေးနွေးဖြစ်ခဲ့တယ်လို့ အဲဒီအရာရှိကပြောပါတယ်။

ဒီနေ့ နေ့လည်ပိုင်းကတည်းက ဗိုလ်ချုပ်ဇော်ဆိုင်းနဲ့အဖွဲ့ လိုင်ဇာကို ပြန်ရောက်နေပြီလို့ သူကပြောပေမယ့် အခုအထိ တိုက်ရိုက် ဆက်သွယ်မေးမြန်းခွင့် မရသေးပါဘူး။ ဘန်ကောက်မှာရှိတဲ့ ကေအိုင်အို နိုင်ငံခြားရေးဌာနက ဗိုလ်မှူးကြီး ဂျိမ်းစ် လွန်ဒေါင်က မနေ့က တွေ့ဆုံပွဲလုပ်တာမှန်ပေမယ့် အသေးစိတ် ဘာတွေ ဆွေးနွေးတယ်ဆိုတာ သူမသိသေးဘူးလို့ ပြောပါတယ်။ ကေအိုင်အိုရဲ့ရပ်တည်ချက်က အရင်အတိုင်း နယ်ခြားစောင့်တပ်ဆိုတာကို လက်မခံဘဲ ကချင်ဒေသလုံခြုံရေးတပ်ကိုသာ လက်ခံမယ်လို့ ပြောထားတယ်လို့ဆိုပါတယ်။ ၀ အဖွဲ့နဲ့ နအဖကိုယ်စားလှယ်တွေ၊ တရုတ်ကိုယ်စားလှယ်တွေ ဆွေးနွေးနေတယ်ဆိုပြီး သတင်းတွေထွက်ပေါ်နေတာနဲ့ပတ်သက်ပြီး ၀ အရာရှိတဦး က ဖ လ တခါ တရုတ်နယ်စပ်ရဲတွေ သူတို့ဆီလာပြီး ပုံမှန်အစည်းအဝေးလုပ်သလို နအဖစစ်အုပ်စုဘက်နဲ့လည်း ဆွေးနွေးတာတွေရှိတယ်လို့ ပြောပါတယ်။

“ကျနော်တို့ ၀ နယ်ထဲက ပန်ဆန်းမှာ အစိုးရရုံးတွေရှိတယ်။ နတလ နယ်စပ်ဖွံ့ ဖြိုးတိုးတက်ရေးရုံး၊ အဲဒီရုံးမှာ ဒုတပ်ရင်းမှူးအဆင့်ရှိတဲ့တယောက် လာထိုင်တယ်။”

နယ်စပ်က တရုတ်ရဲတွေ ပန်ဆန်းကိုလာပြီး ၀ အဖွဲ့နဲ့ ဆွေးနွေးသလို နအဖဘက်ကိုတော့ တန့်ယန်းမှာ သီးခြားဆွေးနွေးတယ်လို့ ဆိုပါတယ်။ ဒီ ဆွေးနွေးမှုတွေဟာ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးနဲ့ ဘာမှမဆိုင်ဘဲ နယ်စပ်လုံခြုံရေးနဲ့သာ ဆိုင်ကြောင်း၊ နယ်ခြားစောင့်တပ်ကိစ္စကို အောက်တိုဘာလကုန်မှာ အကြောင်းပြန်ရမယ်လို့ နအဖက ပြောထားပေမယ့် သူတို့ဘက်က အချိန်မီအကြောင်းပြန်ချင်မှ ပြန်နိုင်မှာလို့လည်း အဲဒီ ၀အရာရှိက ပြောပါတယ်။

ကိုးကန့်တိုက်ပွဲကနေ ပြန်လာတဲ့ နအဖ တပ်မ ၃ ခုက တပ်ရင်း ၂၂ ခုဟာ ၀ နယ်နဲ့ ထိစပ်နယ်မြေမှာ အခုအချိန်အထိ ရှိနေဆဲဖြစ်တဲ့အတွက် လုံခြုံရေးကို သတိထားနေရဆဲဖြစ်တယ်လို့လည်း အဲဒီ ၀ အရာရှိက ပြောပါတယ်။

# ဒေါ်စုလွတ်မြောက်ရေး အာဆီယံအနေနဲ့ဖိအားပေးသင့်ကြောင်းဦးဝင်းတင်ပြောဆို

**NEJ၊ စက်တင်ဘာ ၃၀။** ။ အာဆီယံအသင်းကြီးအနေဖြင့် အနောက်နိုင်ငံများရဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒကို သေချာလေ့လာသင့်ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် မြန်မာစစ်အစိုးရကို ဆက်လက်ဖိအားပေးသင့်ကြောင်း အဲန်အဲယ်လ်ဒီပါတီ ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးဦးဝင်းတင်က ပြောပါတယ်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကဆစ်ပီရွန်းက ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် မြန်မာစစ်အစိုးရထံ မေတ္တာရပ်ခံစာပေးပို့မည့် အစီအစဉ်ကိုဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း နယူးယော့ခ်မြို့တွင် ထုတ်ဖော်ပြောဆိုမှုအပေါ် ဦးဝင်းတင်ကတုန့်ပြန်ပြောဆိုလိုက်တာဖြစ်ပါတယ်။

"အဓိက က အမေရိကန်ပေါ့ဗျာ၊ အမေရိကန်ရဲ့မူဝါဒအပြောင်းအလဲအပေါ်မူတည်ပြီး လုပ်နေကြဟန်တူပါတယ်။ ဒါပေမယ့် အမရိကန်ရဲ့မူဝါဒက တဘက်က Sanction ကိုကိုင်ထားမယ်၊ တဘက်က Engagement လည်းလုပ်မယ်ဆိုတဲ့ သဘောဘဲဗျ။ လုံးလုံးကြီး engagement လုပ်သွားမယ့် သဘောမဟုတ်ဘူးဗျ။ ဒါကိုသတိပြုသင့်တယ်ဗျ။ အာဆီယံအနေနဲ့ ဘာတွေဘယ်လိုဆွေးနွေးပြီး ဒီလိုဆုံးဖြတ်ချက်ချတယ်ဆိုတာကို ကျနော်တို့သေးစိတ်မသိရပေမယ့် ဒီလိုနောက်ပြန်ဆုတ်တဲ့သဘောမျိုးက မဖြစ်သင့်ဘူး။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ပြန်လည်လွတ်မြောက်ရေးဟာ ဆက်လက်တောင်းဆိုနေရမယ့်ကိစ္စ။" လို့ ဦးဝင်းတင်ကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး မေတ္တာရပ်ခံစာပေးပို့မည့် အစီအစဉ်ဖျက်သိမ်းရခြင်းသည် ကုလသမဂ္ဂ၊ အမေရိကန်နှင့် အီးယူနိုင်ငံတို့က ၎င်းတို့၏မူဝါဒများကို ပြန်လည်သုံးသပ်နေကြပြီး မြန်မာနိုင်ငံနဲ့ ပိုမိုထိတွေ့ဆက်ဆံမယ့် အလားအလာတွေရှိနေတဲ့အတွက်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက စက်တင်ဘာလ ၂၈ ရက်တွင် နယူးယော့ခ်မြို့မှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံအပေါ် ပိုမိုပြင်းထန်တဲ့ ရပ်တည်ချက်တွေချမှတ်ဖို့ ကုလသမဂ္ဂအတွင်းအရေးမးချုပ်ဘန်ကီမွန်းက အာဆီယံနိုင်ငံတွေကို တိုက်တွန်းခဲ့ခြင်းမရှိဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ်ပီရွန်းက ပြောဆိုခဲ့ကြောင်းလည်း ယမန်နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာမှာဖော်ပြထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့ တရားစွဲဆိုနေချိန်မှစ၍ တကမ္ဘာလုံးက ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ဝိုင်းဝန်းတောင်းဆိုနေချိန်မှာ အာဆီယံအသင်းကြီးက ပိုမိုဖိအားပေးသင့်တယ်လို့ ဦးဝင်းတင်ကပြောပါတယ်။

"ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာ့နိုင်ငံရေးအတွက် ဖိအားပေးပြောဆိုတာမျိုး နည်းနေရင်တောင် ဒေသတွင်းအဖွဲ့အစည်းဖြစ်တဲ့ အသင်းကြီးအနေနဲ့က ပိုပြီးဖိအားပေးပြောဆိုသင့်တယ်။ လုပ်ဆောင်သင့်တယ်ဗျ။ လွန်ခဲ့တဲ့နှစ်လောက်က ထိုင်းနိုင်ငံအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ဖိအားပေးပြောဆိုတာတွေရှိခဲ့လို့ သူတို့ရပ်တည်ချက်တွေဟာ မှန်ကန်လာတယ်လို့ ကျနော်တို့ယူဆခဲ့တာ။ အခုလိုကိစ္စမျိုးကို ထိုင်းနိုင်ငံကဘဲစပြောတယ်ဆိုတော့ ကျနော်တို့အံ့သြတယ်။" လို့ ဦးဝင်းတင်ကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးသည် မြန်မာ့နိုင်ငံရေးအတွက်သာမက ဒေသတွင်းနိုင်ငံရေးအတွက်ပါ အရေးကြီးရုံနဲ့ အဲန်အဲယ်လ်ဒီပါတီအနေဖြင့်လည်း တရုတ်၊ အာဆီယံတို့နှင့် အနီးကပ်ဆက်ဆံမှုများပြုလုပ်ရန် အမြဲတမ်းတံခါးဖွင့်ထားတယ်လို့ ဦးဝင်းတင်ကပြောပါတယ်။ "ကျနော်တို့ပါတီရဲ့ နိုင်ငံခြားရေးမူဝါဒမှာ တရုတ်နဲ့အာဆီယံတို့ကိုလည်း အလေးထားပါတယ်။ သို့သော်လည်း အာဆီယံအနေနဲ့က အစိုးရချင်းဆက်ဆံရေးကိုဘဲ အလေးထားနေတာတွေ့ရတယ်။ ကျနော်တို့အနေနဲ့ကတော့ အားလုံးနဲ့အနီးကပ်ဆက်ဆံဖို့ ဆန္ဒရှိတယ်။ ပါတီရဲ့နိုင်ငံခြားရေးမူဝါဒကို အာဆီယံနိုင်ငံတွေက သတင်းမီဒီယာတွေက သတင်းရယူလိုတာမျိုးတွေရှိရင်လည်း ထုတ်ဖော်ပြောဆိုဖို့ အသင့်ပါဘဲ။" လို့ ပြောဆိုပါတယ်။

---

# ပဲခူးတိုင်းမိုးကြီး အပျက်အစီးများ

**DVB၊ စက်တင်ဘာ ၂၉။** ။ ပဲခူးတိုင်း ဝက်ထီးကန်ဘက်မှာ ဒီရက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောင်လံ–ပြည်လမ်းတလျှောက်ရှိ ရွာတချို့ ရေလွှမ်းပြီး ရွာသားနဲ့ ခိုင်းကျွဲနွားတွေ နေရာရွှေ့ပြောင်းရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ပြည်မြို့ရှိတာတမံတွေ ရေလျှံမှုကြောင့် ဇီးအုပ်ကြီး၊ နတ်တလင်းအပါအဝင်ရွာတချို့ ရေလွှမ်းနေတာဖြစ်ပါတယ်။ အဲဒီ အခြေအနေနဲ့ပတ်သက်ပြီး ကိုယ်တိုင်သွားကြည့်ခဲ့တဲ့ မြို့ခံတဦးကို မေးကြည့်ရာမှာ စတင်ပြောပါတယ်။

"ဒီက ကျနော်တို့အဖွဲ့တွေ သွားကြပါတယ်။ ရေမြုပ်တယ်ဆိုပေမယ့် ရွာထဲကို ရေဝင်တာ ဒူးလောက်မရှိပါဘူး။ ကျွဲနွား ပျောက်တာလောက်တော့ ရှိတယ်။ မနေ့က ရွာသူရွာသားတွေက ထမင်းထုပ် လေးရာလောက်ပို့တယ်ထင်တယ်။ အဲ့ဒီက ရွာသားတွေက ချက်ပြုပ်မစားနိုင်ဘူးလေ။ မိုးရွာတာများလို့ တာတမံတွေရေလျှံပြီး ရေကြီးတာပါ။ တမံတွေ ကျိုးတာမဟုတ်ပါဘူး။ အနီးအနားက ရွာ ၂ ရွာ၊ ၃ ရွာ လောက် ရေတွေဝင်တယ်။ ရွာတွေကို ဖြတ်စီးသွားတဲ့သဘောမျိုးပါ။ မိုးက ဆက်မရွာတော့ ရေတွေလည်း ထပ်မလွှတ်တော့ဘူးပေါ့။"

---

# ကျောင်းသားများက တွေ့ဆုံညှိနှိုင်းဖို့ နအဖကို တိုက်တွန်း

**RFA၊ စက်တင်ဘာ ၂၈။** ။ ၈၈ မျိုးဆက်ကျောင်းသားတွေက အခုအခု ချိန်ဟာ မြန်မာပြည်ရဲ့နိုင်ငံရေးအကျပ်အတည်းကို တွေ့ဆုံညှိနှိုင်းဆွေးနွေးဖို့ အကောင်းဆုံးနဲ့အသင့်တော်ဆုံးအချိန် ရောက်ရှိနေပြီဆိုပြီး စစ်အစိုးရခေါင်းဆောင်တွေကို ဒီကနေ့ စက်တင်ဘာလ ၂၈ ရက်နေ့မှာ တိုက်တွန်းလိုက်ပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်တဲ့ တပ်မတော်ခေါင်းဆောင်တွေအနေနဲ့ ပြည်သူလူထုရဲ့စားဝတ်နေရေးဘဝ ပြေလည်ပြီး လူမှုဒုက္ခတွေကကင်းဝေးစေဖို့ နိုင်ငံတကာကနေ စီးပွားရေးပိတ်ဆို့ထားတာတွေ ရပ်တန့်သွားအောင် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပူးပေါင်းအဖြေရှာဖို့ အကောင်းဆုံးနဲ့အသင့်တော်ဆုံး အချိန်ရောက်နေပြီဖြစ်တာကြောင့် မေတ္တာစေတနာရှေ့ထားပြီး တွေ့ဆုံဆွေးနွေးပါလို့ ကြေညာချက်ထုတ်ပြန်ပြီး တိုက်တွန်းနှိုးဆော်လိုက်တာဖြစ်ပါတယ်။

နိုင်ငံတကာပိတ်ဆို့အရေးယူမှုတွေ ရုတ်သိမ်းရေးနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်လိုတဲ့အကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ ပြီးခဲ့တဲ့နေ့နေ့က အကြံပြုစာရေးခဲ့ပြီးတဲ့နောက် ၈၈ မျိုးဆက်ကျောင်းသားတွေဆီက အခုလိုမေတ္တာရပ်ခံ တိုက်တွန်းချက်ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

နိုင်ငံတကာပိတ်ဆို့အရေးယူမှုတွေကို ရုတ်သိမ်းပေးရေးကိစ္စ လက်ခံမယ်ဆိုရင် သူကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံစကားပြောမယ်လို့ ၂၀၀၇ အောက်တိုဘာလက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တရားဝင်ထုတ်ပြန်ခဲ့တာရှိတဲ့အတွက် အခုလိုတိုက်တွန်းရတာဖြစ်တယ်လို့ ၈၈ မျိုးဆက်ကျောင်းသားကိုစိုးထွန်းက RFA ကို ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က အခုအချိန်မှာ အကျဉ်းစံဘဝကနေပြီးတော့ အမျိုးသားအကျိုးစီးပွားအတွက် ပြည်သူလူထုဆင်းရဲဒုက္ခရောက်တဲ့ကိစ္စတွေ ရှိတယ်ဆိုရင် အမှန်တကယ်ရှိတယ်ဆိုရင် သူကပူးပေါင်းဖြေရှင်းဖို့ အစဉ်သင့်ရှိနေတယ်။ ပူးတွဲလုပ်ဆောင်ဖို့ပြောတာဖြစ်တဲ့အတွက် ဒါ အရေးကြီးပါတယ်။ ပြီးတော့လည်း နအဖ အစိုးရအနေနဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို ရုတ်သိမ်းရင် ဒါ တွေ့ဆုံဆွေးနွေးဖို့ သူတို့အနေနဲ့ အစဉ်သင့်ရှိပါတယ်လို့ ပြောကြားထားတာဖြစ်တဲ့အတွက် ဒါ လုံးဝဖြေရှင်းချင်တဲ့ဆန္ဒသာရှိနေရင် ဒါဟာ လုံးဝမဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။" ဒီအချက်တွေကိုထောက်ရှုပြီးတော့ တပ်မတော်ခေါင်းဆောင်တွေအနေနဲ့ အလေးအနက်ထားပြီး စဉ်းစားစေချင်ပါတယ်လို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က တိုက်တွန်းနှိုးဆော်ထားပါတယ်။

# အမျိုးသားရင်ကြားစေ့ရေးဆိုရာဝယ် အပိုင်း-၂

**ယခင်လမှအဆက်**

ခင်မမမျိုး

**ပထမဦးစွာ ဗွီအိုဘီ စာဖတ်ပရိသတ်ကြီးအား တောင်းပန်ပါရစေ။ ပထမပိုင်းတွင်း "အမျိုးသားရင်ကြားစေ့ရေး" ခေါင်းစဉ်နှစ်ခုထပ်သွားပါသဖြင့် ဒုတိယခေါင်းစဉ်နေရာတွင် "အခြေအနေနှင့် အချိန်အခါ" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် တောင်းပန်အပ်ပါတယ်။**

ဒိုင်ယာလော့ခ်ဆိုတာ ဒီလိုကြားဖြတ်အစိုးရတခုရှိပြီးမှ ခေါ်ယူရတာဖြစ်ပါတယ်။ အဲဒီမှာမှ တွေ့ဆုံဆွေးနွေးအဖြေရှာရင် အမျိုးသားရင်ကြားစေ့ရေးကိုပါ တည်ဆောက်ရတာဖြစ်ပါတယ်။

ဒါပေမယ့် တချို့နိုင်ငံတွေမှာကျတော့ ဒီအခြေအနေ အချိန်အခါကို သဘောမပေါက်ဘဲ မုန့်ဆီကြော်ကဘယ်နေမှန်းမသိ၊ နှာခမ်းနာနဲ့ တည့်ပဲ့မလားဆိုတဲ့အဖြစ်မျိုးတွေ ပေါ်လာတတ်ပါတယ်။ ကြားဖြတ်အစိုးရဆိုတာ မပေါ်ပေါက်သေးခင်မှာ ဒိုင်ယာလော့ခ်ကိုခေါ်တတ်ကြပါတယ်။ ရလာဒ်ကတော့ အင်မတန်အနှစ်သာရရှိတဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာရေး စကားလုံးဟာ ထပ်ခါတလဲလဲ ပြောစရာတွေဖြစ်ပြီး ဆီသည်မ လက်သုတ် ဖြစ်သွားတော့တာပါဘဲ။

အာဏာရှင်ဘက်ကကြည့်မယ်ဆိုရင်လည်း အလွန်ကို ဟာသမြောက်စေတဲ့ နိုင်ငံရေးထိုးစစ်ဖြစ်လာစေပါတော့တယ်။ ပမာဆိုရရင် ရပ်ကွက်ထဲရောက်လာတဲ့ ခါးကိုင်အမူးသမားရှေ့မှာ ရပ်ကွက်သူ ရပ်ကွက်သားတွေ ဒူးထောက်ထိုင်ပြီး 'ဒို့တတွေ ဆွေးနွေးကြရအောင်' လို့ သွားပြောနေတာနဲ့အတူတူပါဘဲ။ အမူးသမားက လူစိတ်ပျောက်နေချိန်ဖြစ်နေလေတော့ ဒီလိုသွားပြောနေရင် အားရပါးရ ဇက်တွေကိုပိုင်းချလိုက်မှာ အသေအချာပါ။

အမှန်တကယ်လုပ်သင့်တာက လူအားနဲ့အမူးသမားလက်ကခါးကို အထိအခိုက်အနည်းဆုံးနဲ့ ဘယ်လိုပြုတ်ထွက်သွားအောင် လုပ်ရမလဲဆိုတာကို စဉ်းစားပြီး ညီညီညာညာလုပ်သင့်တာမျိုးပါ။ ပြီးမှ အမူးသမားကိုစောင့်ကြည့်ထားပြီး အမူးပြေမှ ဆွေးနွေးမှုလုပ်ရတာမျိုးပါ။ ဆွေးနွေးနိုင်ဘို့ဆိုတာက တဘက်ကခြိမ်းခြောက်နိုင်တဲ့အခြေအနေကို အရင်ထိန်းချုပ်ပြီးမှ လုပ်ရမယ့်အရာသာဖြစ်ပါတယ်။

ဒီလိုမဟုတ်ဘဲ အချိန်အခါကို မချင့်ချိန်တတ်ဘဲ ကြားဖြတ်အစိုးရကလည်း မပေါ်သေး ယုတ်စွအဆုံး အာဏာရှင်တွေဘက်က ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်မယ့် အိမ်စောင့်အစိုးရဖွဲ့မယ်ဆိုတဲ့ အရိပ်အရောင်လေးတွေတောင် မပေါ်သေးခင်မှာ ဒီမိုကရေစီလှုပ်ရှားမှုကို ဦးဆောင်သူများအဖြစ် ပြည်သူလူထုကရွေးချယ်ထားခဲ့သူတွေ မိမိဘာသာဦးဆောင်သူများအဖြစ် တံဆိပ်ကပ်ထားသူတွေက ဒိုင်ယာလော့ခ်ဆိုတဲ့စကားလုံးကိုသာ တွင်တွင်ကြီးခရားရေလွှတ် ပြောလာကြတဲ့အခါကျတော့ အာဏာရှင်တွေအတွက်က ဟားစရာဖြစ်လာပါတယ်။

ဟားလို့ကောင်းတဲ့အပြင် ရန်သူ့လက်နက် ကိုယ့်လက်နက်ပါ လုပ်လို့ရလာပါသေးတယ်။ ပြည်သူလူထုရဲ့လှုပ်ရှားမှု အားကောင်းလာရင် လူထုတိုက်ပွဲတွေ အရှိန်ရလာရင် အတိုက်အခံဦးဆောင်တဲ့ ကြားဖြတ်အစိုးရပေါ်လာပြီး ကနဦး ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ် ဖြစ်ပေါ်သွားတတ်ပါတယ်။ ဒါကို အာဏာရှင်တွေကအလွန်ကြောက်ပါတယ်။ ဒီမိုရေစီလှုပ်ရှားမှုအချိန်တွေ ကြာမြင့်လာရင်တော့ ဒါကို ကြောက်သူတွေက အာဏာရှင်တွေတင်မဟုတ်တော့ပါဘူး။ မအောင်မြင်တဲ့ ဒီမိုကရေစီတိုက်ပွဲကို ဦးဆောင်ခဲ့သူများထဲက စိတ်ထားမမှန်သူတွေကလည်း သူတို့ရဲ့ status quo ပျောက်သွားမှာ စိုးရိမ်လာကြပါတယ်။

အဲဒီမှာတင် အာဏာရှင်ဘက်ကလည်း လူထုတိုက်ပွဲအရှိန်ကောင်းလာပြီး ကြားဖြတ်အစိုးရဖွဲ့တဲ့အဆင့်အထိ မတက်လှမ်းခင်မှာ အမြန်အဆန်ဖြိုခွင်း၊ ရန်သူ့လက်နက်၊ ကိုယ့်လက်နက်လုပ်ပြီး ဒိုင်ယာလော့ခ်လုပ်မယ် ကမ်းလှမ်းတော့တာပါဘဲ။ ဒါကို status quo ပျောက်မှာစိုးရိမ်သူတွေကလည်း အလျင်အမြန်လက်ခံတော့တာပါဘဲ။ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ဒီလိုအခြေအနေမျိုးတွေကို ထောက်ခံပါတယ်။

ဘာကြောင့်လည်းဆိုတော့ သူတို့ခေါင်းပေါ်ကျနေတဲ့ ဝန်ထုပ်ဝန်ပိုးတခုကျသွားလို့ပါဘဲ။ နောက်ဆုံးတော့ ကြားဖြတ်အစိုးရ သို့မဟုတ် အိမ်စောင့်အစိုးရတခုပေါ်လာပြီးမှ ထွက်ပေါ်လာရမယ့် ဒိုင်ယာလော့ခ်ဆိုတာကလည်း သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရမှာ မဟုတ်ဘဲ အတင်းသီးခိုင်းနေသလိုဖြစ်တဲ့အတွက် အသီးကမသီးဘဲ political deadlock ဖြစ်သွားတော့တာပါဘဲ။ အဲဒီလိုရှေ့မတိုး နောက်မဆုတ်ဖြစ်လာတဲ့အခါကျတော့ ပြည်သူလူထုကလည်း သူတို့ကိုယ်တိုင်ရွေးချယ်ပေးခဲ့တဲ့ နိုင်ငံရေးဦးဆောင်သူတွေ၊ မိမိဘာသာဦးဆောင် တံဆိပ်ကပ်ထားသူတွေကို စိတ်ပျက်လာပါတယ်။ ယုံကြည်မှုမဲ့လာပါတယ်။

နိုင်ငံရေးလုပ်နေသူတွေအကြားမှာလည်း အမြင်တွေကွဲလာပါတယ်။ ဘေးထွက်ထိုင်နေသူတွေများလာပါတယ်။ မျိုးဆက်သစ်တွေကလည်း မျိုးဆက်ဟောင်းတွေကို အထင်သေးလာပါတယ်။ ပူးပေါင်းဆောင်ရွက်မှုအားနည်းလာကြပါတယ်။ အဲဒီမှာတင် လူထုနဲ့ဒီမိုကရေစီတိုက်ပွဲနဲ့ တသားတည်းဖြစ်မှုနဲ့ မျိုးဆက်သစ်မျိုးဆက်ဟောင်းအကြား နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအကြားမှာ ပူးပေါင်းဆောင်ရွက်မှု လျော့ကျသွားပါတော့တယ်။ အဖြေကတော့ အာဏာရှင်သက်ဆိုးရှည်သွားစေတာပါဘဲ။ အာဏာရှင်တွေစိတ်တိုင်းကျ လုပ်ချင်ရာလုပ်လို့ ရသွားစေတော့တာပါဘဲ။

အခုဆက်လက်ပြီး အမျိုးသားရင်ကြားစေ့ရေး ဖြစ်စဉ်စတင်တဲ့ အခြေအနေနဲ့အချိန်အခါကို တင်ပြလိုပါတယ်။ ရင်ကြားစေ့ရေး ဝါ ပြန်လည်သင့်မြတ်ရေးလုပ်ရတယ်ဆိုတာက ပဋိပက္ခရှိနေလို့ ပြုလုပ်ရတာဖြစ်ပါတယ်။ ပဋိပက္ခရှိနေရင် တချိန်မှာ ပြန်လည်သင့်မြတ်ရေးလုပ်ရတယ်ဆိုတာကတော့ ထုပ်ဆီးတိုးရင်း၊ ဘောလုံးကန်ရင်း ရန်ဖြစ်ဘူးတဲ့ ကလေးကအစ နားလည်ပါတယ်။ ဒါကြောင့် အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ် မည်၍မည်မျှ အရေးကြီးတယ်ဆိုတာကို ရေးကြီးခွင်ကျယ်ငြင်းခုန်ဆွေးနွေးနေကြစရာ အစည်းအဝေးပွဲတွေကျင်းပပြီး ရှင်းပြနေစရာမလိုအပ်လှပါ။

ဘယ်လိုအခြေအနေမှာ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ် ပေါ်ထွက်အောင်ပြုလုပ်နိုင်သလဲဆိုတာကသာ ပိုပြီးအရေးကြီးတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးဆိုတာ ပဋိပက္ခဖြစ်ပွားမှုအဆင့်ဆင့်ရဲ့ peace and reconciliation stage မှာ ပေါ်ထွက်ရတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပဋိပက္ခဖြစ်ပွားမှုအဆင့်ဆင့်ကို ကြည့်ကြရအောင်ပါ။

နိုင်ငံတခုအတွင်းမှာဖြစ်ပေါ်တဲ့ ပဋိပက္ခ Intrastate conflict အမျိုးအစားမှာဘဲဖြစ်ဖြစ်၊ နိုင်ငံအချင်းချင်းအကြားမှာဖြစ်ပေါ်တဲ့ ပဋိပက္ခ Interstate conflict မှာဘဲဖြစ်ဖြစ် လေ့လာသူပညာရှင်များ၊ မူဝါဒချမှတ်သူများ၊ စတင်ပြုလုပ်ရတာကတော့ ပဋိပက္ခအခြေအနေအဆင့်ကို ဆန်းစစ်ရတာဖြစ်ပါတယ်။ ဆန်းစစ်မှုနည်းလမ်းအမျိုးမျိုးကွဲပြားမှုရှိပေမယ့် ပဋိပက္ခအဆင့်ဆင့်ကို ပညာရှင်အများစုက အသုံးပြုလေ့ရှိပါတယ်။

နိုင်ငံတွေအကြား သို့မဟုတ် နိုင်ငံတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးစုတွေအကြား သို့မဟုတ် နိုင်ငံတော်ရဲ့အစိုးရနဲ့ ပြည်သူလူထုအကြားမှာ ကွဲပြားခြားနားတဲ့ တန်ဘိုးထားမှုတွေ၊ လိုအပ်ချက်တွေနဲ့ အကျိုးစီးပွားတွေရှိပါတယ်။ ဒီလိုကွဲပြားခြားနားမှုတွေဟာ ရံဖန်ရံခါမှာ ပဋိပက္ခဖြစ်စေနိုင်တဲ့ အကြောင်းအရာတွေဖြစ်လာတတ်ပါတယ်။ ဒီအဆင့်ကို latent stage လို့ ခေါ်ဆိုလေ့ရှိပါတယ်။ ဒီအဆင့်ကနေ ရှေ့ဆက်ပြီးဖြစ်လာတဲ့ triggering event တခုဟာ ပဋိပက္ခကိုဖောက်ခွဲပြစ်လိုက်နိုင်ပါတယ်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၂၁ နှစ်မြောက် အထိမ်းအမှတ် ကြေညာချက်

**DVB၊စက်တင်ဘာ ၂၇။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းခြင်း ၂၁ ပြည့်နှစ်ပတ်လည် အခမ်းအနားကို ဒီနေ့ နေ့လယ် ၁၂ နာရီခွဲက ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်၊ အုတ်လမ်းမှာရှိတဲ့ အဖွဲ့ချုပ် ရုံးချုပ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားကို အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ မြို့နယ်အသီးသီးမှ အဖွဲ့ချုပ် အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်တော်များနှင့် နိုင်ငံခြားသံတမန်များတက်ရောက်ခဲ့ကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၁ နှစ်မြောက် အထိမ်းအမှတ်ကြေညာချက်ကို ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းနိုင်က ဖတ်ကြားခဲ့ပြီး လတ်တလောကြုံတွေ့နေရတဲ့ မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ရန်မှာ တွေ့ဆုံဆွေးနွေးရေးသာ ဖြစ်တာကြောင့် အဖွဲ့ချုပ်က မျှော်မှန်းထားတဲ့ တွေ့ဆုံဆွေးနွေးရေး အစီအစဉ်တွေကို ကြေညာချက်ထဲမှာ အဓိကထား ဖော်ပြထားပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က မျှော်မှန်းထားတဲ့ အစီအစဉ်များနဲ့ပတ်သက်ပြီး အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင်ဦးအုန်းကြိုင်က ပြောပါတယ်။

“ဦးတင်ဦး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိလွှတ်ပေးရမယ်၊ ကြိုတင်စည်းကမ်းသတ်မှတ်ထားခြင်းမရှိသော တွေ့ဆုံဆွေးနွေးရေးကို အဆုံးအဖြတ်ပေးနိုင်မည့်ပုဂ္ဂိုလ်များ တက်ရောက်ကာ အပြန်အလှန်လေးစားမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်မှုကို အခြေခံထားတဲ့ တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပဖို့ ဖြစ်တယ်။”

“တွေ့ဆုံပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားအားလုံး တန်းတူ ညီမျှအခွင့်အလမ်းရရှိရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ကို ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တနည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ နောင်လာမယ့် ရွေးကောက်ပွဲများအရေး၊ ပြည်သူလူထုရဲ့ ဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာရေး စတာတွေ ပါဝင်ပြီး ဆွေးနွေးသင့်တယ်။”

“ဆွေးနွေးပွဲမှာ ထွက်ပေါ်လာမယ့် ရလဒ်ကို ရွေးကောက်ပွဲအရ ဖွဲ့စည်းမယ့် ပြည်သူ့လွှတ်တော်မှာ အတည်ပြုချက်ရယူခြင်းဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အတည်ပြုအောင် စီစဉ်ရမယ်။ လွှတ်တော်က အတည်ပြုတဲ့ သဘောတူ ဆုံးဖြတ်ချက်များအရ ထွက်ပေါ်လာမယ့် အနာဂတ်နိုင်ငံရေးလမ်းကြောင်းအတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ဆက်လက်ဖော်ဆောင်သွားကြမယ်လို့ တွေ့ဆုံဆွေးနွေးရေးနဲ့ပတ်သက်ပြီး ဖော်ပြထားပါတယ်။”

ဒီလိုတွေ့ဆုံဆွေးနွေးရေးပြုလုပ်ဖို့အတွက် နိုင်ငံရေးအခြေအနေကောင်းများကို အစိုးရဘက်မှ ဖန်တီးပေးသင့်တာကြောင့် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်၊ ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးယုံကြည်ချက်တွေကြောင့် နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခြင်းခံထားရတဲ့ ရဟန်းသံဃာတော် အရှင်သူမြတ်များကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊ ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ ချိတ်ပိတ်ခံထားရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးခွဲများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးပြီး လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန်၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေးပြီး လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန် စတဲ့အချက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြည်သူလူထုရဲ့ဆန္ဒနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း တောင်းဆိုထား တယ်လို့ ဦးအုန်းကြိုင်က ပြောပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၁ နှစ်တာ ဖြတ်သန်းမှုတွေနဲ့ပတ်သက်ပြီး ပြန်ကြားရေးကော်မတီဝင် ဦးအုန်းကြိုင်က ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုအောက်မှာ ပြည်သူတရပ်လုံးအတွက် အကျိုးဆောင်ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ အင်နဲ့အားနဲ့ စုရုံးရောက်ရှိနေတဲ့ အဖွဲ့ကြီးဖြစ်တဲ့အတွက် အဖွဲ့ချုပ် အဖွဲ့ဝင်တွေဟာ အခက်အခဲအကျပ်အတည်းအမျိုးမျိုးထဲမှ ကိုယ့်ယုံကြည်ချက်အတွက် စွန့်လွှတ် အနစ်နာခံပြီး ဒီနေ့အထိ ဆောင်ရွက်နေတယ်။ ထောင်မှပြန်လွှတ်လာတဲ့ သူတွေကလည်း အဖွဲ့ချုပ်အခမ်းအနားကို တော်တော်များများတက်ရောက်လာကြတယ်။ အရှိန်အဟုန်မြှင့်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမယ့် အင်အားကြီးတရပ်ဖြစ်တယ်။ ၂၁ နှစ်ပြည့် အခမ်းအနားမှာ ခိုင်ခိုင်မာမာသက်သေပြလိုက်နိုင်တယ်လို့ ခံစားမိပါတယ်။”

# စီးပွားရေးပိတ်ဆို့မှုကိစ္စမှ နိုင်ငံရေးဆွေးနွေးရန် နအဖကို မေတ္တာရပ်ခံ

**DVB၊စက်တင်ဘာ ၂၈။** ။ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြား စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းရေး ညှိနှိုင်းဆွေးနွေးဖို့နဲ့ အဲဒီက တဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးဖို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က မေတ္တာရပ်ခံလိုက်ပါတယ်။

လက်ရှိ မြန်မာ့နိုင်ငံရေးအကျပ်အတည်းဟာ တွေ့ဆုံဆွေးနွေးညှိနှိုင်းဖို့ အကောင်းဆုံးနဲ့ အသင့်တော်ဆုံးအခြေအနေဖြစ်တယ်လို့ ၈၈ မျိုးဆက် ကျောင်းသားများကပြောဆိုလိုက်ပြီး ဒီအခွင့်အရေးကို နှောင့်နှေးမှုမရှိဘဲ အမိအရဆုပ်ကိုင်ပါလို့ နအဖကိုမေတ္တာရပ်ခံလိုက်တာပါ။ အမေရိကန်ရဲ့ မြန်မာနိုင်ငံ ဆိုင်ရာ သဘောထားသစ်အပေါ်အခြေပြုပြီး နအဖနဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အကြား နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲတွေ အဆင့်ရောက်အောင် တက်လှမ်းဖို့ ၈၈ မျိုးဆက်ကျောင်းသားများက တိုက်တွန်းလိုက်တာဖြစ်ပါတယ်။ ဒီနေ့ထုတ်တဲ့ ကြေညာချက်ပါ အစိတ်အပိုင်းကို ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်းက ပြောပါတယ်။

“တပ်မတော် ခေါင်းဆောင်များအနေနှင့် စီးပွားရေးပိတ်ဆို့မှုများရုပ်သိမ်းစေရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အန်အယ်လ်ဒီပါတီနှင့် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး လက်တွဲပူးပေါင်းဖြေရှင်းစေလိုပါသည်။”

အမေရိကန်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ သဘောထားသစ်မှာ ဒဏ်ခတ်ပိတ်ဆို့မှုနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံတဲ့ နည်းလမ်းကို ပူးတွဲကျင့်သုံးမှာဖြစ်ပါတယ်။ အဲဒီ အပေါ် နေအိမ်အကျယ်ချုပ်ကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုခဲ့သလို အစိုးရနဲ့ပူးပေါင်းဆောင်ရွက်မယ်လို့ တုံ့ပြန်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရာမှာ လိုအပ်ချက်တွေကို ညှိနှိုင်းဖို့ နအဖအကြီးအကဲထံ မေတ္တာရပ်ခံစာပို့ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဆိုလိုတဲ့လိုအပ်ချက်တွေက အဓိကအားဖြင့် ဘယ်လိုပိတ်ဆို့မှုလဲ၊ ပိတ်ဆို့မှုရဲ့အကျိုးဆက် ထိခိုက်နစ်နာမှုအတိုင်းအတာ၊ ပိတ်ဆို့မှုချမှတ်တဲ့ နိုင်ငံတွေရဲ့သဘောထားက ဘာလဲဆိုတာတွေ ပြည့်ပြည့်စုံစုံသိဖို့ လိုအပ်တယ်လို့ ရေးသားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ စီးပွားရေးဒဏ်ခတ်မှုရုပ်သိမ်းရေး ပူးပေါင်းဆောင်ရွက်ဖို့တင်ပြတဲ့ လိုအပ်ချက်တွေဟာ အာဏာပိုင်တွေဘက်က မလိုက်လျောနိုင်စရာမရှိတဲ့အချက်တွေ ဖြစ်တယ်လို့ ကိုစိုးထွန်းက ပြောပါတယ်။

“ဗိုလ်ချုပ်သန်းရွှေ ပြောခဲ့တာကလည်း ဒီပိတ်ဆို့မှု ၄ ချက်ကို ရုပ်သိမ်းပေးမယ်ဆိုရင် သူတို့အနေနဲ့ဆွေးနွေးဖို့အဆင်သင့်ရှိတယ်လို့ပြောတော့ အခုအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူလူထု အကျိုးစီးပွားအတွက် စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းပေးဖို့ သူ့ဘက်က ပူးပေါင်းဖြေရှင်းပြီး လုပ်ဖို့ အဆင်သင့်ရှိတယ်။ ဒါပေမယ့် ဖြေရှင်းဖို့အတွက် အချက်အလက်တွေတော့ လိုတာပေါ့။”

ဒါကြောင့် အခုအချိန်ဟာ တွေ့ဆုံဆွေးနွေးဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ အကောင်းဆုံးအခြေအနေဖြစ်တယ်ဆိုတာ ယုံကြည်တဲ့အတွက် နအဖစစ်အုပ်စုခေါင်းဆောင်များကို အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းခြင်းဖြစ်တယ်လို့လည်း ကိုစိုးနိုင်က ပြောပါတယ်။


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 454 Sep 29, 2009
On the Margin
US
BURMA
SANCTION
Hi...
NO
YES

# ဂျပန်နိုင်ငံတွင် ဒီပဲယင်း ၆ နှစ် ၄ လပြည့် အောက်မေ့ဖွယ် အခမ်းအနား ကျင်းပ

**DVB၊ ဧက်တင်ဘာ ၃၀။** ။ ဒီနေ့ကျရောက်တဲ့ ဒီပဲယင်းလုပ်ကြံမှု ၆ နှစ် ၄ လ ပြည့် အထိမ်းအမှတ် အခမ်းအနားတခုကို ဂျပန်နိုင်ငံ တိုကျိုမြို့မှာ မြန်မာ့အရေး လှုပ်ရှားသူတွေ စုပေါင်းပြုလုပ်ခဲ့ကြပါတယ်။

တိုကျိုမြို့က နအဖသံရုံးရှေ့မှာ ပြုလုပ်တဲ့ ဒီအခမ်းအနားကို လူပေါင်း ၁၅၀ လောက်တက်ရောက်ခဲ့ပြီး ဒီပဲယင်းလုပ်ကြံခံရမှုနဲ့ပတ်သက်တဲ့ ဟောပြောပွဲလည်း ပြုလုပ်ခဲ့ပါတယ်။ ဒီအခမ်းအနားအကြောင်းကို ဦးဆောင် လှုပ်ရှားသူ တဦးဖြစ်တဲ့ ဗကသ နိုင်ငံခြားရေးရာကော်မတီ ဂျပန်ဌာနခွဲ တာဝန်ခံ ကိုဘုန်းမြင့်ထွန်းက ပြောပါတယ်။

"ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်တွေ အလေးပြုပြီးတဲ့နောက် ဒီပဲယင်းမှာ အသက်စွန့်သွားကြတဲ့ ကျောင်းသားပြည်သူတွေ၊ ရဟန်းရှင်လူတွေ အားလုံးကို ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ ၁ မိနစ်ငြိမ်ပြီး ဖမ်းဆီးထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံး လွတ်မြောက်ဖို့အတွက် မိမိကိုးကွယ်တဲ့ဘာသာ အလိုက် ဆုတောင်းခြင်း မေတ္တာပို့သတဲ့ အခမ်းအနားပြုလုပ်ပါတယ်။ အဲဒီ နောက်ပိုင်းမှာ တက်ရောက်လာတဲ့ အဖွဲ့အစည်း ကိုယ်စားလှယ်က စကားပြော တယ်။ ကျနော်တို့ ကြွေးကြော်သံတွေနဲ့ ရုတ်သိမ်းခဲ့တယ်။

"ဒီပဲယင်းအကြမ်းဖက်မှုကို ဖော်ထုတ်ပေး၊ ၂၀၁၀ ရွေးကောက်ပွဲကို အလိုမရှိ၊ နိုင်ငံရေးအကျဉ်းသားဒေါ်စုနဲ့ ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးလွတ်မြောက်ရေး၊ ခွန်ထွန်းဦး အပါအဝင် တိုင်းရင်းသားခေါင်းဆောင် အားလုံး လွတ်မြောက်ရေး၊ တွေ့ဆုံဆွေးနွေးရေး ချက်ချင်းလုပ်၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး ဖျက်သိမ်းပေး အဲဒါတွေကို ကျနော်တို့ ကြွေးကြော် သံတွေဖြစ်တယ်။"

"ဒီပဲယင်းလုပ်ကြံမှုနောက်မှာ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးတွေ လုပ်ဆောင်နေတဲ့ ကျနော်တို့ရဲ့ခေါင်းဆောင်တွေကို ဒါမျိုး နောက်နောင်မဖြစ် အောင်၊ မပေါ်ပေါက်အောင် ဘယ်လိုကြိုးစားဆောင်ရွက်ကြမလဲ။ ဒီလိုမျိုး ရိုက် နှက်လို့ ကျနော်တို့ပြည်သူတွေ စိတ်ထဲမှာရှိတဲ့ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေး ကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်တွေနဲ့ မကျိုးကြေသွားဘူး။ "

"လုပ်ကြံသတ်ဖြတ်လို့ ကျနော်တို့ စိတ်ထဲမှာရှိနေတဲ့ဟာတွေ ပျက်စီး သွားမှာမဟုတ်ဘဲ နောက်ထပ် မျိုးဆက်တွေ ပေါ်ပေါ်လာတယ်ဆိုတဲ့ အကြောင်းနဲ့ နအဖစစ်အုပ်စုအနေနဲ့ အတင်းအကျပ်လုပ်ဆောင်နေတဲ့ ကိစ္စတွေမှန်သမျှကို ရပ်တန့်ပြီး နောက်တခါ ၂၀၁၀ ရွေးကောက်ပွဲကို အတင်းအကျပ် လုပ်ဆောင် မယ်ဆိုရင် ပြည်သူလူထုရဲ့သဘောဆန္ဒမပါဘဲနဲ့ လုပ်ဆောင်တဲ့အရာမှန်သမျှဟာ ဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူးဆိုတဲ့ အကြောင်းကို အဖွဲ့အစည်းအသီး သီးက ပြောသွားတဲ့စကားတွေထဲမှာပါတယ်။"

ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေဟာ ၂၀၀၃ ဒီပဲယင်း အရေးအခင်း ဖြစ်ပြီးကတည်းက လစဉ် ၃၀ ရက်နေ့တိုင်း အထိမ်းအမှတ်ဆန္ဒပြ ပွဲတွေပြုလုပ်လာခဲ့တာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် မလွတ်မချင်း ဆက်လုပ် သွားမှာ ဖြစ်တယ်လို့ ကိုဘုန်းမြင့်ထွန်းက ပြောကြားခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ စည်းရုံးရေးအဖွဲ့ မုံရွာမြို့မြောက်ဘက် ဒီပဲယင်းဒေသမှာ ဝိုင်းဝန်း ရိုက်နှက်ခံခဲ့ရပါတယ်၊ ၆နှစ် ကျော် ကြာလာတဲ့အထိ အာဏာပိုင်တွေက ဖြစ်ရပ်မှန်စုံစမ်းဖော်ထုတ်ပေးခြင်း မရှိသေး ပေမယ့် ဒီဖြစ်ရပ်ဆိုးကြီးကို သမိုင်းစာမျက်နှာကနေ ဖျောက်ဖျက်လို့ရမှာမဟုတ် ဘူးလို့ ဒီပဲယင်းအရေးအခင်းမှာ ကိုယ်တိုင် အရိုက်ခံခဲ့ရသူ မန္တလေးလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်အောင်က ပြောပါတယ်။

"သမိုင်းကတော့ ကျန်နေခဲ့မှာပါ။ သေဆုံးလို့ အိမ်ပြန်မလာနိုင်တဲ့ သား သမီးတွေအတွက် ထုတ်ဖော်ခွင့်လေးတော့ မိဘတွေကို ရရှိစေချင်ပါတယ်။ သူတို့ အတွက် ကျနော်တို့စိတ်မကောင်းပါဘူး။ ထုတ်ဖော်ခွင့်ပေးဖို့လိုလားပါတယ်။"

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER